# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၁၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မြန်မာ့လက်မှုအနုပညာများကို ဖော်ထုတ်ပြသနိုင်သည့် ပုဂံညောင်ဦးဒေသထွက် ယွန်းထည်ပစ္စည်းများ

ညောင်ဦး ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းများကို လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝယ်ယူနိုင်ရန်အတွက် ယွန်းထည်ထုတ်လုပ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ မြင်းကပါရပ်ရှိ ယွန်းလုပ်ငန်းရှင်များထံမှ သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အင်မတန်အနုစိတ် လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ပြီး ယွန်းပစ္စည်းအမျိုးပေါင်းတစ်ရာကျော်ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များ အများဆုံးပြုလုပ်သည့် *စာမျက်နှာ ၄ ကော်လံ ၁* ❖



**ယနေ့ မာ တိ ကာ**

**နမ္မတူမြို့နယ်တွင် နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြောင်းရွှေ့စရိတ်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်**

ပြည်တွင်းသတင်း စာ ၆



**အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်**

ဆောင်းပါး စာ ၁၆



**၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားရေထွက်ကုန်ထုတ်လုပ်မှု ခြောက်ရာခိုင်နှုန်း ကျဆင်း**

နိုင်ငံတကာသတင်း စာ ၁၃

## ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းနှင့် OWIC လျှောက်ထားခြင်းများနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာ

- မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် ကျွမ်းကျင်အလုပ်သမားများ၊ ခွင့်ပြန်အလုပ်သမားများ၊ အမြဲတမ်းနေထိုင်ခွင့် ပါမစ်ဖြင့် နေထိုင်လုပ်ကိုင်သူများမှ ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့်OWIC ပြုလုပ်ခွင့်များ တင်ပြလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ရုံးဖွင့်ရက် ၂ ရက်မှ ၃ ရက်အတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိပြီး သင်တန်းတက်ရောက်ခွင့်ရရှိသည့် အမည်စာရင်းနှင့် OWIC ပြုလုပ်ခွင့်ရရှိသည့် အမည်စာရင်းများအား Safe Migration Telegram Channel မှတစ်ဆင့် အသိပေးကြေညာပေးလျက်ရှိပါသည်။
- ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းနှင့် OWIC လျှောက်ထားမှုများနှင့်ပတ်သက်၍ ပွဲစားများ/ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ facebook များ၊ OWIC နှင့်ပတ်သက်သည့် facebook group များတွင် ဝန်ဆောင်မှုပေးသည့်ကြော်ငြာများ ကြော်ငြာလျက် ဝန်ဆောင်ခအဖြစ် ငွေကြေးများ အဆမတန်ကောက်ယူ၍ ဆောင်ရွက်ပေးနေကြောင်း၊ အချို့အလုပ်သမားများသည် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်များကို ပွဲစားများ/ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ *စာမျက်နှာ ၃ ကော်လံ ၁* ❒

မြန်မာ့အလင်း

# ပြည်သူ၏ လိုလားချက်၊ ပြည်သူ့အသံနှင့် ပြည်သူကို ကိုယ်စားပြုသည့် ပါတီဖြစ်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ ယာယီသမ္မတထံသို့ အစီရင်ခံတင်ပြခဲ့ပြီး အရေးပေါ်သက်တမ်းကာလကို ခြောက်လ ထပ်မံတိုးခဲ့ရာ တွေ့ရှိရသည့် ဝေဖန်မှုများ၊ တုံ့ပြန်ချက်များနှင့် လိုအင်ဆန္ဒများကို လေ့လာဆန်းစစ်ခဲ့ကြောင်း၊ တွေ့ရှိချက်များအရ ရွေးကောက်ပွဲ ပြန်လည်ဆောင်ရွက်ပေးရန်၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် ကုန်ဈေးနှုန်းကျဆင်းမှုရှိအောင် ဆောင်ရွက်ပေးရန်ဟူသည့် အချက်သုံးချက်သည် အဓိကဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၃)သို့တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသစ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရန် လုပ်ဆောင်သင့်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ အရေအတွက်များပြားသော်လည်း ရွေးချယ်ခံရသည့် ပါတီနည်းပါးခဲ့ရာ ပြည်သူများ၏ ယုံကြည်ကိုးစားမှု နည်းပါးခဲ့သည့် အခြေအနေကို ထင်ဟပ်နေသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူကို စည်းရုံးနိုင်မှုနှင့် ကိုယ်စားပြုနိုင်မှုတို့ အားနည်းလျက်ရှိပြီး ပါတီငယ်များ အများအပြား တည်ထောင်၍ ရွေးကောက်ပွဲဝင်ရောက်နေကြခြင်းကလည်း ဒေသနှင့် ဒေသခံပြည်သူလူထု၏ လိုလားချက်ကို အကောင်အထည်ဖော်ဆောင်ပေးရန်၊ ပြည်သူလူထု၏ အသံကို လွှတ်တော်တွင် ကိုယ်စားပြုပြောကြားရန် လွန်စွာအခွင့်အလမ်းနည်းပါးလျက်ရှိသည်။

သို့ဖြစ်သည့်အလျောက် အင်အားနည်းသည့် ပါတီငယ်အများအပြားဖြင့် နိုင်ငံရေးကို အကွဲကွဲအပြားပြား အကောင်အထည်ဖော်ခြင်းဖြင့် အလုပ်မဖြစ်မည့်အစား ဦးစီးခေါင်းဆောင်မှုကောင်းမွန်သည့် ပါတီ၊ ပြည်သူလူထုအတွင်း စည်းရုံးမှုအားကောင်းသည့်ပါတီ၊ ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည့် ပါတီများအဖြစ် လွှတ်တော်ထဲတွင် ပြည်သူ၏အသံနှင့် တိုင်းပြည်မှ ဖြစ်စေချင်သည်များကို ပြောခွင့်ရနိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ထုတ်ပြန်၍ ထိန်းသိမ်းခဲ့သည်။ ယခုအခါ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို နိုင်ငံရေးပါတီများက လျှောက်ထားလျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းများတွင် တွေ့ရှိနိုင်သည်။

ပါတီများနှင့် ပတ်သက်၍ ၎င်းတို့၏ လုပ်ဆောင်ချက်များကိုလည်း ဥပဒေအရ ခွင့်ပြုသင့်သည်များကို ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း၊ ပါတီများ ဖွဲ့စည်းပြီးပါက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် မလွဲမသွေလုပ်ဆောင်ရမည်များ ဖြစ်သည်ကို ပြောလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့ရာ ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများ၏ ဥပဒေနှင့် ညီညွတ်သည့် လုပ်ဆောင်ချက်များကို တွေ့မြင်လာရမည်ဖြစ်သည်။ လက်ရှိအချိန်အခါသည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်သော နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းရေးရရှိရန် ဆောင်ရွက်နေသည့်အချိန် ဖြစ်သည့်အားလျော်စွာ အကြမ်းဖက်မှု၊ ဆူပူသောင်းကျန်းမှုနှင့် ခြိမ်းခြောက်မှုတို့ ကင်းစင်ပပျောက်ရေးအတွက် နိုင်ငံတော်၏ ဆောင်ရွက်ချက်များတွင် ပြည်သူလူထုအားဖြင့် ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ✰ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ✰ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့် စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃)တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်လိုသော **ဖလုံ – စဝ်ေါဒီမိုကရက်တစ်ပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မုံရွာ)မှ ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် "ပဋ္ဌောတာရုံကျောင်းတိုက်" ဆရာတော်ကြီးထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို သွားရောက် လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား တွေ့ဆုံသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရှိ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဦးစီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ဌာနများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဦးစီးဌာနနှင့်ကိုယ်စားပြုသော ဝန်ကြီးဌာန၏ တာဝန်များကို ကျေပွန်စွာ ထမ်းရွက်သွားရန် လိုအပ်ပါကြောင်း၊ တစ်ဦးချင်း အရည်အသွေး မြင့်မားရေးကို တည်ဆောက်ရန်သာမက အစဉ်အမြဲ သင်ယူလေ့လာမှုများကို စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံအပေါ် သစ္စာရှိရန် အထူးအရေးကြီးကြောင်းနှင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး အမြဲစဉ်းစားသုံးသပ်၍ မိမိတို့ဌာနများအလိုက် ညှိနှိုင်းတိုင်ပင်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန ဂုဏ်မြင့်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် အလေးထားပြောကြားသည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရန်နှင့် တိကျစွာလိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ သဘောသဘာဝ အရ ဝန်ထမ်းများသည် ပြည်တွင်း/ ပြည်ပ အလှည့်ကျတာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ် တိုးတက်မှု အခြေအနေများကို သိရှိနားလည် သဘောပေါက်ထားရန် လိုအပ်သကဲ့သို့ နိုင်ငံတကာရေးရာများကိုလည်း စဉ်ဆက်မပြတ် လေ့လာသိရှိနေရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေအမှန်ကို သိရှိပြီး နိုင်ငံတကာ မျက်နှာစာတွင် အခြားသူများအား နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဦးကိုကိုလှိုင်တို့သည် အမှတ်(၃၇) သံတမန်လမ်း နိုင်ငံခြားရေးဝန်ကြီးဌာန တိုးချဲ့အဆောက်အဦရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ရုံးတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ဝန်ကြီးများက နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်များ၊ မူဝါဒများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၊ ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဝန်ဆောင်မှုရုံး (UNOPS Myanmar)၏ Country Director ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဝန်ဆောင်မှုရုံး (UNOPS Myanmar) ၏ Country Director Ms. Sara Austin Netzer နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT Fund) က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လိုအပ်ချက်များ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အေဂျင်စီများထံ အပြီးအစီး လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်မှုများ ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။

- ပွဲစားများ/ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများမှ ဦးစီးဌာနသို့ အလုပ်လုပ်ကိုင်ခွင့်ပါမစ်အတု၊ ပြည်ဝင်ခွင့် ဗီဇာအတု၊ လေဆိပ်အဝင်တံုးအတု၊ အလုပ်ရှင်ခွင့်စာအတု၊ ပြည်ပ အလုပ်အကိုင် လမ်းညွှန်သင်တန်းဆင်းလက်မှတ်အတု၊ ဘွဲ့ လက်မှတ်သို့မဟုတ် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်အတု စသည့်စာရွက်စာတမ်း အထောက်အထားအတုများဖြင့် တင်ပြခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးတည်းမှ လက်ရေးမူတစ်ခုတည်းဖြင့် ရေးသားတင်ပြခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိလျက်ရှိပါသည်။
- ပွဲစား / အေဂျင်စီများအနေဖြင့် စာရွက်စာတမ်းအချက်အလက် အထောက်အထားအတုများဖြင့် တင်ပြဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက လုပ်ငန်းဆောင်ရွက်သည့်ပွဲစား/ အေဂျင်စီအပြင် လုပ်ငန်းအပ်နှံသည့် အလုပ်သမားကိုပါ လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းနှင့် OWIC ခွင့်ပြုဆောင်ရွက်ပေးရာတွင် ရုံးဖွင့်ရက် ၂ ရက်မှ ၃ ရက်အတွင်း အမြန်စိစစ်ခွင့်ပြုပေးလျက်ရှိပြီး လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရာတွင် အလုပ်သမားများ အလွယ်အကူ သိရှိနားလည် ရယူပေးနိုင်သည့် စာရွက်စာတမ်းအထောက်အထားများကိုသာ တောင်းခံခြင်းဖြစ်၍ ပွဲစား/အေဂျင်စီများထံ ဝန်ဆောင်ခအဖြစ် ငွေကြေးအဆမတန်ပေး၍ လုပ်ငန်းအပ်နှံခြင်းမပြုဘဲ မိမိကိုယ်တိုင် တင်ပြလျှောက်ထားကြပါရန် အသိပေး တိုက်တွန်းအပ်ပါသည်။

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

# ဘူးသီးတောင်မြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**မောင်တော ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းလုပ်ငန်းများအား တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ရှည်-အုတ်တောင် - မြောက်ချောက် ကျေးရွာသွားလမ်းအရှည် ၃ ဒသမ ၁ ကီလိုမီတာ၊ မြေသားတာပေါင်ပြုပြင်ပြီး ၄ ဒသမ ၂၇ မီတာ ၊ အကျယ် ၁၅၀ မီလီမီတာ၊ ထု ၅၀- ၁၀၀ မီလီမီတာ၊ ခွဲကျောက်ခင်းကြိတ်ခြင်းနှင့် ဖြုန်းကျောက် စရစ် ၇၅ မီလီမီတာထုခင်းကြိတ်ခြင်း လုပ်ငန်းများအား စိုင်းဒင်အားမာန်ကုမ္ပဏီမှ ၁ ဒသမ ၁ ကီလိုမီတာ ၊ မေယုရွှေမြေအာရှ ကုမ္ပဏီမှ ၁ ဒသမ ၀ ကီလိုမီတာ၊ စိုင်းဒင်သာ ကုမ္ပဏီမှ ၁ ဒသမ ၀ ကီလိုမီတာ ဆောင်ရွက်နေမှု အခြေအနေများကို မောင်တော ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းရန်နိုင်သူ ၊ ဘူးသီးတောင်မြို့နယ်တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ -၂ (မြို့ပြ) ဦးမင်းဆွေဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး သတ်မှတ်ကာလ ဘဏ္ဍာရေးနှစ်အတွင်း စံချိန်၊ စံညွှန်း အရည်အသွေး ပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**သက်လွင်စိုး(ခရိုင် ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၃)အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။**



အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌဆရာတော်၊ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက အဖွဲ့အစည်းတစ်ခု ရေရှည်ရပ်တည်ရေးအတွက် အဖွဲ့ဝင်များ၏ အမြဲမပြတ် တိုင်ပင်နှီးနှောဆွေးနွေးပြောဆိုကြခြင်းသည် အဖွဲ့အစည်းတစ်ခု ကြီးပွားတိုးတက်ခြင်းပင်ဖြစ်ကြောင်း၊ ဤအဖွဲ့အစည်း၏ ကဏ္ဍအသီးသီးတွင် တာဝန်အမျိုးမျိုးကို ယူထားကြသော ပုဂ္ဂိုလ်အားလုံးတို့သည် မိမိတို့၏တာဝန်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လုပ်ကိုင်ကြရာ၌ အားသာချက်အားနည်းချက်များကို အပြန်အလှန် တင်ပြဆွေးနွေးညှိနှိုင်းကြခြင်းဖြင့် အနာဂတ်ခရီးဖြောင့်ဖြူးရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက် လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ **သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊ သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ**– ဟူ၍ ဟောကြားတော်မူအပ်သော သုခတရားလေးပါးတို့တွင် **သုခါသံဃဿ သာမဂ္ဂီ**၌ သံဃာဟူသည် ဤနေရာ၌ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများကိုသာ ဆိုလိုသည်မဟုတ်ဘဲ အဖွဲ့အစည်းတစ်ခု၊ အသိုက်အဝန်းတစ်ခုကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်များအားလုံးကို ဆိုလိုခြင်းဖြစ်ကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်အားလုံးတို့သည် ကိုယ်ရောစိတ်ပါ ညီညီညွတ်ညွတ်ဖြင့် **မေတ္တာပုဗ္ဗင်္ဂမ** စိတ်ဓာတ်ကို လက်ကိုင်ထားပြီး ပြုမူပြောဆိုဆောင်ရွက်ကြစေလိုကြောင်းဖြင့် အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

### တည်ထောင်ဖွင့်လှစ်

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် နိုင်ငံတော်တွင် ဘာသာ သာသနာနှင့် ပတ်သက်၍ တာဝန်အရှိဆုံးဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့လှူဒါန်းမှုဖြင့် သာသနာ့တက္ကသိုလ်များ ထူထောင်ရန် စီမံကိန်းချဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များကို တည်ထောင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၌ ပညာသင်ကြားရေးဌာန ခုနစ်မျိုးရှိကြောင်း၊ ခုနစ်မျိုးထဲမှ မဟာဌာနကြီးသုံးခုတွင် ပါဝင်သောဘာသာရပ် လေးမျိုးကို ဟောပြောမှုပုံစံဖြင့် သင်ကြားခြင်း၊ ပုံစံထုတ်၍ရှင်းပြခြင်း၊ **နိယံ, အဋ္ဌကထာနှင့် ဋီကာ** အဆိုတို့အရ ဥပဒေသထုတ်ပြခြင်း၊ လက်တွေ့ကျကျ လေကျင့်စေခြင်း၊ လုပ်ငန်းပေး လေ့ကျင့်စေခြင်း၊ ကိုယ်ကျင့်တရား ထက်မြက်စေရန် လမ်းညွှန်မှုပေးခြင်းဟူသော သင်ကြားနည်းခြောက်မျိုးဖြင့် မွမ်းမံသင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးက ပရိယတ္တိပညာရေး ရေရှည်တည်တံ့ခိုင်မြဲစေရေး ရှေးရှုကာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်နှစ်ခုကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ၃၇ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ဤသာသနာ့တက္ကသိုလ်များမှ သာသနတက္ကသီလ ဓမ္မာစရိယ(B.A)ဘွဲ့ရ ၂၆၅၃ ပါး၊ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A)ဘွဲ့ရ ၄၈၄ ပါး၊ သာသနတက္ကသီလ ဓမ္မပါရဂူ (Ph.D)ဘွဲ့ရ ၁၄ ပါး၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ (D.Litt) ဘွဲ့ရ ငါးပါး စုစုပေါင်း ၃၁၅၆ ပါး ပေါ်ထွန်းခဲ့ပြီး မိမိတို့စွမ်းရာစွမ်းရာ နယ်စပ်နှင့် တောင်တန်းဒေသများတွင် ကြွရောက် သာသနာပြုလျက်ရှိကြောင်း။

ဆရာတော်ကြီးများ၏ဩဝါဒလမ်းညွှန်ချက်ကို ခံယူလျက် ဆရာဒကာ လက်တွဲညီညာစွာ အရှိန်အဟုန်မပျက် ဆက်လက်၍ အားသွန်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါလျှင် ဤသာသနာ့ တက္ကသိုလ်ကြီးများသည် ဗုဒ္ဓဓမ္မဆိုင်ရာ တက္ကသိုလ်များနှင့်၊ ပရိယတ်စာပေတို့တွင် ဦးဆောင် အခန်းကဏ္ဍ၌ ရှိနေမည်ဟု ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဆောင်ရွက်ချက်များနှင့် တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့ (၁/၂၀၂၃) အစည်းအဝေး တင်ပြချက်တို့ကို လျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်၊ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရက နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားပြီး ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ ကြွရောက်လာသော ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**

# နိုင်ငံတော်အနေဖြင့် ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိစေရန် မူဝါဒချမှတ်အကောင်အထည်ဖော်လျက်ရှိ ပြည်ပမှ ဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေးနှင့် စားသုံးဆီဖူလုံရေးကိစ္စများနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပသည်။



ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတော်အနေဖြင့် ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိစေရန် မူဝါဒချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ဆီတင်သွင်းသည့် နိုင်ငံအဖြစ်မှ ဆီတင်ပို့သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး လမ်းညွှန်ချက် ပေးထားပါကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များ အပြင် ပြည်ပမှ ဆီတင်သွင်း ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆီတင်သွင်းသူ လုပ်ငန်းရှင်အဖြစ်မှ ပြည်ပသို့ ဆီတင်ပို့သူ လုပ်ငန်းရှင်အဖြစ် ရောက်ရှိရေး စတင်ပြင်ဆင်ရမည့် အချိန်ဖြစ်ပါကြောင်း၊ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ ဆီစက်လုပ်ငန်းများ တိုးတက်၍ အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရန်နှင့် စားသုံးဆီထုတ်လုပ်မှုကဏ္ဍ တစ်ရပ်လုံး မြင့်မားလာစေရေးအတွက် အသင်းအဖွဲ့များက ဦးဆောင်၍ စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်နိုင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးနှင့် ဆီစက်များ အဆင့်မြှင့်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆွေးနွေးပွဲ မစတင်မီ ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကကဏ္ဍအား အသင်းချုပ်အနေဖြင့် အဓိကထား ဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းရွက်ရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေး ကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေးဖုံးမှ*

ယွန်းထည်ပစ္စည်းများမှာ ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များဖြစ်ကြောင်း သိရပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာလူမျိုးများ ယွန်းထည်အမျိုးမျိုးကို အသုံးပြုခဲ့ကြကြောင်း၊ ပလို့ ခေါ် ငါးဆင့်ပလို့ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ရှင်ပင်စာကြို့လှဘုရားပွဲများတွင် ဆွမ်းတော်များ လောင်းလှူလျက်ရှိသေးကြောင်း သိရသည်။

ယွန်းလုပ်ငန်းသုံးပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှ ထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကိုသုံး၍ ယွန်းထည်အမျိုးမျိုးပြုလုပ်ကြသော်လည်း မဲတင်းခါးဝါးတစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲ အသုံးပြုကြကြောင်း သိရသည်။ ယွန်းထည်ပြုလုပ်ရခြင်းအဆင့်ဆင့်တွင် အချောခံခြင်း၊ စဥ့်ဖတ်တင်ခြင်း၊ နှီးခေါင်းထိုးခြင်း၊ နှီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နှီးဖျာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ခါးကောက်ခြစ်ခြင်း၊ နှီးသပ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများသုတ်ရန် သစ်စေး ၁၀ ပိဿာပုံးတစ်ပုံး ကျပ်သုံးသိန်း ပေးဝယ်ရကြောင်း သိရသည်။

**ဒီပါလင်း**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးဌာန တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းနှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးဌာန (Myanmar Centers for Disease Control and Training Center for Medical Staff– Myanmar CDC) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**အစွမ်းကုန် ညှိနှိုင်းပံ့ပိုးပေးလျက်ရှိ**

ရှေးဦးစွာ တည်ဆောက်ရေးလုပ်ငန်းခွင် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးဌာနသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရေးသင်္ကေတတစ်ခုဖြစ်ပြီး ဒေသတွင်းနှင့်မိမိတို့နိုင်ငံ၏ ကမ္ဘာ့ကပ်ရောဂါများအပါအဝင် ကူးစက်ရောဂါများ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မရှိမဖြစ်လိုအပ်သော အရေးကြီးသည့် ကျန်းမာရေးဗဟိုဌာနဖြစ်လာမည်ဖြစ်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို အစွမ်းကုန် ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီမံကိန်းအချိန်မီပြီးစီးနိုင်ရန်အတွက် ထပ်မံလိုအပ်လာနိုင်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကူးစက်ရောဂါများနှင့် ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်ရေးနည်းပညာဆိုင်ရာ ပံ့ပိုးကူညီခြင်းအပြင် ရောဂါရှာဖွေစစ်ဆေးခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သင်တန်းလေ့ကျင့်ပို့ချခြင်းများကိုလည်း တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်မည်ဖြစ်၍ များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CCCC Third Habouring Co., Ltd မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု အဆင့်ဆင့်နှင့် ဆောင်ရွက်ပြီးစီးမှုများ၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမှတ်တရ သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

**အကျိုးကျေးဇူးများစွာ ရရှိမည်**

မြန်မာနိုင်ငံ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးဌာန (Myanmar CDC) တည်ဆောက်ရေးစီမံကိန်းသည် ယွမ် သန်း ၄၀၀ ခန့်တန်ဖိုးရှိသည့် စီမံကိန်းတစ်ခုဖြစ်၍ အုပ်ချုပ်မှုလုပ်ငန်းများအတွက် နှစ်ထပ်ဆောင် တစ်ဆောင်၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများနှင့် နိုင်ငံတကာအဆင့်မီ ဇီဝလုံခြုံမှုအဆင့် (၃) နှင့် အဆင့်(၂) (Biosafety Level 3 and 2) ဓာတ်ခွဲခန်းများပါရှိသော သုံးထပ်ဆောင် တစ်ဆောင်၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်လေ့ကျင့် သင်ကြားနိုင်မည့် သုံးထပ် သင်ကြားမှုဆောင် တစ်ဆောင်တို့ပါဝင်ပြီး စီမံကိန်းအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတွင် မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများကို တရုတ်နိုင်ငံမှ ပညာရှင်များက လာရောက်၍ နည်းပညာများ လက်ဆင့်ကမ်းလေ့ကျင့်သင်ကြားပေးခြင်း၊ မြန်မာနိုင်ငံမှ သင်တန်းသားများကို တရုတ်နိုင်ငံသို့ စေလွှတ်ပြီး လိုအပ်သောသင်တန်းများ ပို့ချပေးခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသတွင်းနှင့် မြန်မာနိုင်ငံအတွက် နိုင်ငံတကာအဆင့်မီ ရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးဌာနတစ်ခုအဖြစ် ပေါ်ပေါက်လာစေမည်ဖြစ်ပြီး ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဆေးဝါးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး Video Conferencing စနစ်ဖြင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ဆေးဝါးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး နှင့် မြန်မာ – ရုရှား ဆေးဝါး ကောင်စီ ထူထောင်ရေးကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**




ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိင်္ဂီဇင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံအခြေစိုက် "Chemrar" High–Tech Center ကုမ္ပဏီမှ Mr. Denis Yinokurov, International BD and Communication Director နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးရာတွင် ကိုဗစ်–၁၉ ရောဂါကုသရေးနှင့် ပတ်သက်သည့် ဆေးဝါးများနှင့် စစ်ဆေးသည့် စနစ်များ၊ မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်မည့်ကိစ္စ၊ ဆေးဝါးများ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိရေးကိစ္စ၊ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် တင်သွင်းနိုင်မည့်ကိစ္စ၊ ဆေးဝါးထုတ်လုပ်ရေးနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ လွှဲပြောင်းမှုဆောင်ရွက်နိုင်မည့်ကိစ္စ၊ မြန်မာ–ရုရှားနှစ်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဏာပိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးမှုမှုဘောင်မှတစ်ဆင့် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ရုရှား–မြန်မာ ဆေးဝါး ကောင်စီ ထူထောင်နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့၌ စွန့်လွှတ်မြေများ မူလတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မြစ်သား ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ပြန်လည်စွန့်လွှတ်မြေများ မူလတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် တာဝန်ရှိသူများပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက သရက်ပင်ကံဆွယ်ကျေးရွာအုပ်စုသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ ကာကွယ်ရေးဝန်ကြီးဌာန အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးခြံမှ သရက်ပင်ကံဆွယ်အုပ်စု ပဲခင်းကြီးကျေးရွာမှ လယ်ယာလုပ်တောင်သူများထံ ပြန်လည်စွန့်လွှတ်မြေ ၃၃ ဒသမ ၃၀ ဧကမြေနေရာကိုလည်းကောင်း၊ အေးသုခကျေးရွာမှ ၁၅ ဒသမ ၀၀ ဧက မြေနေရာကိုလည်းကောင်း မူလတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ငြိမ်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းစိုး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသန်းထိုက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာခွဲများမှ ကျေးရွာတာဝန်ခံများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုင်းယန်းပြည်သူ့ဆေးရုံသို့ ထောက်ပံ့ပေးအပ်သော မီးစက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မိုင်းယန်း ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းအသုံးပြုရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော 11 KW မီးစက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းယန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်က မီးစက်လှူဒါန်းခြင်းအတွက် အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော DG 15LDE Diesel အမျိုးအစား 11 KW မီးစက်နှင့် ဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ (ကိုယ်စား) မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးဘထံ လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ကုသရေးနှင့်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ရိက္ခာ ထောက်ပံ့ သက်ကြီးအဘိုးအဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်၊ ဆီ၊ ပဲ ၊ ရိက္ခာ၊ အဝတ်အထည်၊ သန့်စင်ခန်းသုံးပစ္စည်း၊ လေဘေးဒဏ်ကြိုတင်ပြင်ဆင်ရန် အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က မြိုင်ကြီးငူ အေးလင်းသာယာကျောက်စာကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များနှင့် ၎င်းတို့၏ဇနီးများ၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်ဗဟိုအကြံပေးအဖွဲ့ ဒုတိယဗိုလ်မှူးကြီး စောကျော်ထူးတို့က ဖာပွန်မြို့နယ်မှ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စု ၇၅၀၊ လူဦးရေ ၃၂၃၃ ဦး၊ မြိုင်ကြီးငူအထူးဒေသရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၄၃၂ စု၊ လူဦးရေ ၂၀၈၉ ဦးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ငွေကျပ် ၈၈၂၅၉၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ ၊ အဝတ်အထည်များ၊ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်သုံးသိန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်သုံးသိန်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက လေပြင်းဒဏ်ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် ထောက်ပံ့ငွေကျပ် ၉၇၀၀၀၀၀၊ လူမှုဝန်ထမ်းဦးစီးဌာနက မြိုင်ကြီးငူအထူးဒေသအတွင်းရှိ အသက်(၈၅) နှစ် နှင့် အထက် အဘိုး ၁၆ ဦး၊ အဘွား ၃၄ ဦး စုစုပေါင်း ၅၀ အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြိုင်ကြီးငူအထူးဒေသ နန်းဦးဘေးမဲ့တောရကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥာဏိကအားသွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထီးဖိုးကလုံး-မြိုင်ကြီးငူ-မဲသဝေါလမ်းပိုင်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် ငွေကျပ် ၈၅၈၁၀၀၀၀၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများကို လူမှုရေးပင်စင် တစ်လလျှင် တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွက် ထောက်ပံ့ငွေပေးအပ်သည့်အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားပြီး လှိုင်းဘွဲ့မြို့နယ်ရှိ အသက်(၈၅)နှစ်နှင့်အထက် အဘိုး ၄၁၆ ဦး၊ အဘွား ၆၃၆ ဦး စုစုပေါင်း ၁၀၅၂ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၁၅၆၀၀၀၀ ကို လှိုင်းဘွဲ့မြို့နယ် အုပ်ချုပ်ရေးမှူးထံ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်နှင့်အဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အဘိုးအဘွားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော အဘိုးအဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သက်မွေးသင်တန်းကျောင်းများနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲမြို့နယ် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဂွမြို့သို့ ရောက်ရှိကာ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန အိမ်တွင်းသက်မွေးလုပ်ငန်း သင်တန်းကျောင်းဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဂွမြို့ သမိုင်းဝင် မင်းတောင်စေတီတော်မြတ်ကြီး တောင်တက်လမ်း၊ ကွန်ကရစ်လမ်းသစ်ကို တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး သင်တန်းအလုပ်ရုံ၊ စာသင်ဆောင်များ၊ အိပ်ဆောင်၊ စားရိပ်သာ၊ မီး၊ ရေ ရရှိမှုအခြေအနေ၊ သင်တန်းသား သင်တန်းသူများ လက်တွေ့စာတွေ့ သင်ကြားနေမှု၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လေးထပ် အလုပ်ရုံစာသင်ဆောင်၊ အားကစားကွင်းပွဲကြည့်စင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ကြားနေမှုနှင့် လက်တွေ့ခန်းများ၊ စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်သည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ပါမောက္ခများနှင့် လည်းကောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း တွေ့ဆုံ၍ **(အပေါ်ပုံ)** တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၃)ကို ရောက်ရှိစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

## နမ္မတူမြို့နယ်တွင် နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြောင်းရွှေ့စရိတ်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**နမ္မတူ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်စခန်းသုံးခုတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော မန်တုံမြို့နယ် ကျေးရွာ ၂၅ ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြောင်းရွှေ့စရိတ်၊ ဆန်ရိက္ခာ တစ်လစာနှင့်၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်က နမ္မတူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းက နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြို့နယ်ယာယီတိုက်ပွဲရှောင်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် နေရပ်ပြန်ပြောင်းရွှေ့စရိတ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းစီဖြင့် ငွေကျပ် ၆၆ သိန်းကိုလည်းကောင်း၊ လူတစ်ဦး ဆန်ရိက္ခာ တစ်ရက်လျှင် နှစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၆၆ စု၊ လူဦးရေ ၂၉၄ ဦးအတွက် တစ်လစာ ဆန်ရိက္ခာဖိုးငွေကျပ် ၂၆၄၆၀၀၀ ကိုလည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး ပါဝင်သော ပလတ်စတစ်ပုံး ၆၆ ပုံးကိုလည်းကောင်း **(အောက်ပုံ)**၊ စိမ်းလန်းဘဝလူမှုဖွံ့ဖြိုးရေးအဖွဲ့ (Glad) ဝန်ထမ်းများက အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးထောင်နှုန်းစီဖြင့် ငွေကျပ် သုံးသိန်းသုံးသောင်းကိုလည်းကောင်း ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုများ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**




## အုတ်တွင်းမြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် သမဝါယမအသင်းသားများအား လောင်စာသုံးမီးဖိုများ ထောက်ပံ့

**အုတ်တွင်း ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့တို့ ဦးဆောင်၍ လျှပ်စစ်မီးမရရှိသေးသည့် အင်ဒိုင်း-စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသားများအား ယမန်နေ့က Ecoeye မီးဖိုများ ထောက်ပံ့ပေးအပ်သည်။

အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းဦး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့တို့က EXIM Bank ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလအတွင်း အပြေအကျေပေးဆပ်ဆောင်ရွက်နိုင်ပြီး လျှပ်စစ်မီးမရရှိသေးသည့် အင်ဒိုင်း-စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၁၀၂ ဦးအား လောင်စာသုံးစွဲမှုသက်သာစေရန်၊ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် သုံးစွဲသူများ ကျန်းမာရေးထိခိုက်မှုနည်းပါးစေရန် ရည်ရွယ်၍ ကိုရီးယားနိုင်ငံထုတ် Ecoeye မီးဖိုများကို တစ်ဦးချင်းထောက်ပံ့ပေးသည်။

အဆိုပါ လောင်စာသုံးမီးဖို၏ အားသာချက်မှာ ကမ္ဘာကြီးပူနွေးခြင်းကို လျှော့ချခြင်း၊ အိမ်ရှင်မများ မီးခိုးရှူရှိုက်ရမှုကို လျှော့နည်းသက်သာစေခြင်း၊သစ်တောပြုန်းတီးမှုကို လျှော့ချခြင်း၊ မီးလောင်မှုအန္တရာယ်မှ ကင်းဝေးခြင်းနှင့် ငါးနှစ်အာမခံသက်တမ်းပါရှိပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ လောင်စာသုံးစွဲရမှုသက်သာစေကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# အနော်ရထာတံတား(ချောက်)ရေလမ်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန် လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှ သတ်မှတ်ပေးထားသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် (၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် (၄)နှင့် (၅) အကြားမှလည်းကောင်း ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ(၁၁၀)ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် (၁၇)မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမကောလိပ်(ဖောင်ကြီး)မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ သမဝါယမကောလိပ် (ဖောင်ကြီး)သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေဆုံစဉ် ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်သန်းက သမဝါယမကောလိပ်(ဖောင်ကြီး)၏ ဘာသာရပ်များ ပို့ချနေမှု၊ ပညာသင်နှစ်အလိုက် တက်ရောက်သင်ယူနေသော ကျောင်းသားအရေအတွက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်သော အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်စေမည့် ပညာရေးစနစ် ဖန်တီးဖော်ဆောင်ရာတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ မိမိတို့၏ တပည့်သားသမီးများကို ပညာရပ်များ သင်ကြားပေးရုံသာမက အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာအောင် ထုဆစ်ပုံဖော်ပေးကြရေးနှင့် ဆရာ ဆရာမများသည် ဝန်ထမ်းများဖြစ်၍ ပါတီနိုင်ငံရေး ကင်းရှင်းကြစေရေး ဆွေးနွေးမှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော လှည်းကူးမြို့နယ် ဟိုင်းကူးကျေးရွာအုပ်စု ကြို့ကုန်းမြောက်ကျေးရွာမှ ကျောက်ခဲလယ်ကွင်းသို့ ဆက်သွယ်သောလမ်း အရှည်ပေ ၅၅၃၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်ရေး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ဦးစီးဌာန လေးခု ညီညီညွတ်ညွတ် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)၏ နောက်ဆုံးပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ သတ်မှတ်ထားသည့် လေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



အုပ်စု(ခ)၏ နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ မော်လမြိုင်ဇုန်အသင်းက မန္တလေးဇုန်အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တောင်ကြီးဇုန်အသင်းနှင့် မကွေးဇုန်အသင်းတို့သည် တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျသည်။

ယနေ့ကစားခဲ့သည့် အုပ်စု(ခ)၏ အုပ်စုပတ်လည်ပြိုင်ပွဲအပြီးတွင် ရမှတ်များအရ မော်လမြိုင်ဇုန်အသင်းက အုပ်စုပထမဖြင့် လည်းကောင်း၊ မကွေးဇုန်အသင်းက အုပ်စု ဒုတိယဖြင့်လည်းကောင်း ဆီမီးဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်သွားကြသည်။

ဖေဖော်ဝါရီ ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(က)တွင် ရန်ကုန်ဇုန်အသင်းက အုပ်စုပထမ၊ ပုသိမ်ဇုန်အသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီးဖြစ်ရာ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်ဇုန်အသင်းနှင့် မကွေးဇုန်အသင်း၊ ညနေပိုင်းတွင် မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့သည် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နည်းပညာတက္ကသိုလ်(သန်လျင်) နှင့် သန်လျင်ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြီး မီးဘေးအန္တရာယ် ကာကွယ်ခြင်းဆိုင်ရာ သရုပ်ပြသမှုအဖြစ် သန်လျင်ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်မျိုးထွန်း၊ ဒုတိယဦးစီးမှူးများ၊ မြို့နယ်မီးသတ်စခန်း ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပါမောက္ခများ၊ ဌာနမှူးများ၊ ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသစဉ်။

အာကာလင်း



# သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရန်အောင်မြင် အမျိုးသားဆောင်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောသစ်ပင် များသည် လူသားနှင့် သက်ရှိများအားလုံးအတွက် အမျိုးမျိုးသော ဝန်ဆောင်မှုများ ထောက်ပံ့ပေးလျက် ရှိပြီး နောင်အနာဂတ် မျိုးဆက်များအတွက်ပါ



လက်ဆင့်ကမ်း အမွေပေးနိုင်ရေးအတွက် ထိန်းသိမ်း ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောပညာရှင် များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ တက္ကသိုလ် အဆင့် သစ်တောပညာသင်ကြားမှုကို ၁၉၂၃ ခုနှစ် တွင် စတင်ခဲ့ရာ ယခု နှစ် (၁၀၀) ပြည့်ပြီဖြစ်ကြောင်း၊ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်အထိ အရည်အချင်း ပြည့်မီသော သစ်တောသိပ္ပံ ဘွဲ့ရ ၃၀၅၂ ဦး မွေးထုတ် ပေးနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ တက္ကသိုလ်များတွင် ဆက်လက်လေ့လာသင်ယူ၍ မဟာဘွဲ့နှင့် ပါရဂူ ဘွဲ့ရရှိခဲ့သူ များစွာရှိကြောင်း၊ အစဉ်အလာကြီးမား ခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာရည် ဆည်းပူးရန် ရောက်ရှိလာသော မောင်တို့မယ် တို့အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိအောင် ဆရာ ဆရာမများ၏ ဆုံးမစကားကို နာယူ၍ ကြိုးစားအားထုတ်စေလို ကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများအပေါ် သားသမီးသဖွယ် ကြည့်ရှု စောင့်ရှောက်၍ ဆရာ့ဝတ်ငါးပါးကို ကျေပွန်အောင် ဆောင်ရွက်သွားစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အဆို၊ အက၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများနှင့် ညစာအတူ တကွ သုံးဆောင်ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်တွင် ပထမနှစ်မှ ပဉ္စမနှစ်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၇ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ နှစ်ဆုံးစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**မုံရွာ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူ များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၄ ရက် နံနက်ပိုင်းက စစ်ကိုင်း မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရုံး ခန်းမ တွင် စစ်ကိုင်းခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ် ကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။


ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် နှစ်ဆုံး စာမေးပွဲဖြေဆိုနိုင်ရေး၊ နွေရာသီ ကျောင်း ပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အသိ၊အတတ်၊အလိမ္မာ ရရှိစေမည့် သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ လာမည့် ပညာသင်နှစ်တွင် ကျောင်းနေအရွယ်များ ရာနှုန်း ပြည့် ကျောင်းနေနိုင်ရေးများနှင့် ပတ်သက်၍ ရှင်းလင်းမှာကြား သည်။

ဆက်လက်၍ စစ်ကိုင်းခရိုင်/ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ များက သင်ကြားရေးလုပ်ငန်းများ နှင့် ပတ်သက်၍ လိုအပ်ချက်များ အား ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်း ဒေသကြီး ဝန်ကြီးချုပ်က တာဝန် ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် အမှတ်(၃) အခြေခံ ပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် နှစ်ဆုံး စာမေးပွဲ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု အားပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**



# မကွေးမြို့နယ် သမန်းတောကျေးရွာအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမန်းတောကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၀၉ ဦး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့ နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို မကွေးတပ်နယ်မှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy အခွန်အကြောင်း သိကောင်းစရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ ကို အခွန်ဆိုင်ရာ အသိပညာ တိုးပွားစေရန်နှင့် နိုင်ငံသားတို့ ထမ်းဆောင်ရမည့် အခွန်တာဝန် များကို နားလည်သိရှိစေရန် ရည်ရွယ်၍ အခွန်အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲကို "အခွန်အမျိုး အစားများနှင့် နိုင်ငံသားတို့၏ တာဝန်" ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲ ၂နာရီခွဲတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် Naypyitaw State Academy ၊ ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာ နုနုလွင်က ဟောပြောပွဲကျင်းပ ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ယမုန်အောင်က အခွန် ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ အခွန်အမျိုးအစားများ၊ နိုင်ငံသား တို့၏ တာဝန်ဝတ္တရားများ၊ ပြည်တွင်း အခွန်ဦးစီးဌာန၏ ရှေ့လုပ်ငန်းစဉ်တို့ကို အသိပညာ ပေး ဆွေးနွေးဟောပြောသည်။



ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင် က လာရောက်ဟောပြော၊ အသိ ပညာဖြန့်ဝေပေးသူများကို အမှတ် တရ ဂုဏ်ပြုလက်ဆောင်ပေးအပ် သည်။

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ သည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ် ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကမ်းခြေဒေသများ သန့်ရှင်းသာယာလှပပြီး ပြည်တွင်း/ပြည်ပခရီးသွား ဧည့်သည်များ ယင်းဒေသများသို့ တိုးတက်ဝင်ရောက်လာရေးနှင့် ကမ်းခြေဒေသခရီးသွားလုပ်ငန်းများ စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ငပလီကမ်းခြေဒေသ Aureum Palace ဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန သံတွဲရုံးခွဲတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးက ငပလီကမ်းခြေဒေသရှိ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း စနစ်တကျဖြင့် မြန်မြန်ဆန်ဆန်တိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာပါက ဆက်စပ်လျက်ရှိ



သည့် လုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာခြင်းကြောင့် ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ဝင်ငွေတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာရေးအတွက် မူဝါဒပိုင်းဆိုင်ရာနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍနှစ်ခုကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပြီး ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရန် ဆွဲဆောင်ကြရန်လိုအပ်ကြောင်း၊ အလားတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနက လုပ်ငန်းများမြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှာ လူအချင်းချင်း ကူးလူးဆက်ဆံမှုအပေါ် အခြေခံသည့်အတွက် ဧည့်သည်များ၏စိတ်ကျေနပ်နှစ်သက်မှုရရှိရေးမှာ အရေးကြီးကြောင်း၊ ရှိနှင့်ပြီးသော ကမ်းခြေဒေသများကို သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ပြီး ဆက်စပ်လည်ပတ်နိုင်သော ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနက ဆောင်ရွက်နေသောကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိအမှတ်ပြုမှုအစီအစဉ်ကဲ့သို့ အစီအစဉ်များတွင် ပါဝင်ကြစေလိုကြောင်း၊ ငပလီကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းနှင့် နိုင်ငံတော်နှင့် ဒေသ၏အကျိုးစီးပွားကို အထူးဂရုပြုရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝင်ရောက်လာကြသူများက ခရီးသွားလုပ်ငန်းဖော်ဆောင်ရာတွင် ကြုံတွေ့နေရသည့်အခြေအနေများ၊ ငပလီကမ်းခြေဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှုများ၊ ကမ်းခြေသာယာလှပရေးတို့ကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငပလီကမ်းခြေဒေသရှိ ဟိုတယ်များကို လှည့်လည်ကြည့်ရှုပြီး ဟိုတယ်သို့ လာရောက်တည်းခိုကြသည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်တည်းခိုရန် မြှင့်တင်ကြော်ငြာရေး၊ ဟိုတယ်ပရဝဏ်နှင့် ပတ်ဝန်းကျင် အမှိုက်သရိုက်များကင်းစင်ပြီး သာယာလှပသော အစိမ်းရောင်ဇုန်များ ဖော်ဆောင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၉၁) သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ် (၉၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆုကို ဦးစောကျော်ကျော် ဌာနခွဲစာရေး ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဥပဒေရေးရာဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို ဒေါ်ပန်းအိဖြူ ဒုတိယကြီးကြပ်ရေးမှူး မြန်မာ့အာမခံလုပ်ငန်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို လည်းကောင်း ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ချီးမြှင့်ပြီးနောက် သင်တန်းဆင်းအမှာစကား ပြောကြားသည်။



စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ် (၉၁) သင်တန်းသို့ သင်တန်းသား ၃၉ ဦး၊ သင်တန်းသူ ၁၁၈ ဦး စုစုပေါင်း ၁၅၇ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးလျက်ရှိ

**တောင်ကုတ် ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ယမန်နေ့ မွန်းလွဲပိုင်းမှစ၍ သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ထုတ်ပေးလျက်ရှိသည်။

တောင်ကုတ်မြို့နယ်၌ စာစစ်ဌာနငါးခုဖွင့်လှစ်မည်ဖြစ်ပြီး စာစစ်ဌာနများအဖြစ် မြို့ပေါ်၌ အမှတ်(၁)၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများ၌ လည်းကောင်း၊ တန်းလွဲမြို့တွင် အ-ထ-က (ရွာမ)၌ လည်းကောင်း၊ လမူးမော်ရွာတွင် အ-ထ-က၌လည်းကောင်း၊ မအီမြို့တွင် အ-ထ-က(မအီ)၌လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တောင်ကုတ်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကျောင်းတွင်းမှ ၂၉ ဦး၊ ပြင်ပမှ ၁၀၀၉ ဦး စုစုပေါင်း ၁၀၃၈ ဦးရှိပြီး မတ် ၈ ရက်အထိ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကယားပြည်နယ်တွင် ဓာတ်မြေသြဇာဈေးနှုန်းကျဆင်းလာ

ကယားပြည်နယ်တွင် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ သွင်းအားစုအဖြစ်အသုံးပြုသော ဓာတ်မြေသြဇာများကို ရန်ကုန်မြို့မှ အများဆုံးတင်သွင်းကြပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ဓာတ်မြေသြဇာတင်သွင်းမှုမှာ အိတ် ၅၄၆၀ ရှိကြောင်း ပူးပေါင်းစစ်ဆေးရေးဂိတ်စာရင်းများအရ သိရှိရသည်။

ဓာတ်မြေသြဇာ ဈေးနှုန်းများအနေဖြင့် ယခုတစ်ပတ်တွင် ယူးရီးယား(အာမို) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ယူးရီးယား (သြဘာ) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ တီစူပါ(သံကွင်း) (တရုတ်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပုလဲရွှေတောင်(တရုတ်) တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ပိုတက် (ဂျာမနီ) တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀၊ ကွန်ပေါင်း (အာမို) တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ ကွန်ပေါင်း (သြဘာ) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ကွန်ပေါင်း ၁၅:၁၅:၁၅ (ကောမတ်) တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ အာမို ၁၆:၁၆:၁၆ (တရုတ်) တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ယူးရီးယား(အာမို) တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ယူးရီးယား (သြဘာ) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ တီစူပါ (သံကွင်း) (တရုတ်) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ကွန်ပေါင်း (အာမို) တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၊ ကွန်ပေါင်း(သြဘာ) တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ အသီးသီး ဈေးကျဆင်းလာခဲ့ကြောင်း ဓာတ်မြေသြဇာအရောင်းဆိုင်တစ်ဆိုင်ထံမှ သိရှိရသည်။

**DOCA(ကယား)**

# မြင့်တက်လာသော ဘိလပ်မြေဈေးနှုန်း

ကယားပြည်နယ်တွင် တည်ဆောက်ရေးလုပ်ငန်းများ၊ အုတ်ရိုက်လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေကို အခြားဒေသများမှ တင်သွင်းကြပြီး အိမ်ဆောက်ပစ္စည်းများဖြစ်သည့် သံ၊ သွပ် စသည်တို့ကိုလည်း တင်သွင်းကြသည်။

ဖေဖော်ဝါရီလ ဒုတိယတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဘိလပ်မြေဈေးနှုန်းများမှာ Apache တစ်အိတ်လျှင် ကျပ် ၉၀၀၀၊ KBZ တစ်အိတ်လျှင် ကျပ် ၉၀၀၀ နှင့် Dragon တစ်အိတ်လျှင် ကျပ် ၉၀၀၀ ဖြစ်ပြီး ယခင်ပထမတစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် Apache တစ်အိတ်လျှင် ကျပ် ၃၀၀၊ KBZ တစ်အိတ်လျှင် ကျပ် ၄၀၀ နှင့် Dragon တစ်အိတ် လျှင် ကျပ် ၄၀၀ အသီးသီး မြင့်တက်လာခဲ့ကြောင်း လွိုင်ကော်မြို့အတွင်းရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်ထံမှ သိရှိရသည်။

**DOCA(ကယား)**

သတင်းရင်းမြစ် - စီးပွားကူးသန်း

# နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)

**မြန်မာနိုင်ငံအနေဖြင့် သမိုင်းဦး ဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်နှင့် ဆိုရှယ်လစ်ခေတ်ဟူ၍ ခေတ်ကြီးငါးခေတ်၏ ကုန်လုပ်ဆက်ဆံရေးသမိုင်းကို ဆန်းစစ်လေ့လာသုံးသပ်ကြည့်ပါက ကျွန်ပိုင်ရှင်ခေတ်တွင် "ကုန်သည်" ဟူသော လူတန်းစား စတင်ပေါ်ပေါက်နေပြီကို သိနိုင်ပါသည်။ ဗုဒ္ဓဝင်ရာဇဝင်များနှင့် အခိုင်အမာ၊ အခုံအထည် စာကမ္ပည်းတင်ထားသော သမိုင်းမှတ်တမ်းများတွင်လည်း "ကုန်သည်များ" ၏ အခန်းကဏ္ဍသည် အရေးပါခဲ့သည်။**

"ပု၊ ပင်း၊ အင်း၊ တောင်၊ ညောင်ရမ်း၊ နောင်၊ ကုန်းဘောင်နှစ်ခေတ်ခွဲ" ဟူသော မြန်မာရာဇဝင် အဆက်ဆက်ထက် ရှေးကျသော **"ပျူခေတ်"** တွင်လည်း **"ကုန်သည်များ"**၏ သမိုင်းကြောင်းကို လေ့လာသိရှိခဲ့ကြသည်။ တရုတ်ပြည်အနောက်ပိုင်းရှိ ကုန်သွယ်ရေးမြို့မှ လီ ၈၀၀ အကွာ တောင်တွင်းကြီးမြို့ အနောက်တောင်ဘက် ခုနစ်မိုင်ခွဲအကွာတွင်ရှိသော ပျူမြို့ဟောင်း ဗိဿနိုးမြို့သည် **"တရုတ်တို့၏ ကုန်းလမ်းကုန်သွယ်ရေးမြို့"** ဖြစ်ကြောင်း၊ **"ဗိဿနိုးမြို့ဟောင်းနှင့် ခေတ်ပြိုင် သရေခေတ္တရာမြို့သည် ရေကြောင်းကုန်သွယ်ရေးမြို့"** ဖြစ်ကြောင်း **"တရုတ်ပြည်၏ ချူနိုင်ငံ ဦးဆောင်သောကျမ်း"** တွင် ဖော်ပြခဲ့သည်။

**ပညာတတ်လူငယ်၊ လူလတ်များဖြင့် စတင်ဖွဲ့စည်း**

၁၉၀၆ ခုနှစ်တွင် မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို ဦးတည်သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (Young Men's Buddhist Association) ဝိုင်အမ်ဘီအေအသင်းကို ရန်ကုန်မြို့ ၂၈ လမ်း အမှတ် (၈၆) ရှိ ဦးမောင်ကြီးနေအိမ်တွင် ဦးဘဘေ ခေါင်းဆောင်သော ပညာတတ်လူငယ်၊ လူလတ်များ ၁၇ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဝိုင်အမ်ဘီအေအသင်း၏ အမျိုးသားရေး ရည်မှန်းချက်မှာ –

**အမျိုးကို ချစ်ပါ။**
**ဘာသာကို လေးစားပါ။**
**သာသနာကို ချီးမြှင့်ပါ။**
**ပညာကို အားပေးပါ . . .**

စသည်တို့ ဖြစ်ပါသည်။

၁၉၀၆ ခုနှစ်တွင်ပင် အင်္ဂလိပ်ကုန်သည်ကြီးများသည် မြန်မာ့ကုန်သွယ်မှုလုပ်ငန်းများကို လက်ဝါးကြီးအုပ် အမြတ်ထုတ်နိုင်ရန်အတွက် အင်္ဂလိပ်ကုန်သည်များသာ ပါဝင်ခွင့်ရသည့် ဗမာနိုင်ငံကုန်သည်များအသင်း (Burma Chamber of Commerce) ကို ဖွဲ့စည်းခဲ့သည်။

၁၉၁၉ ခုနှစ်တွင် နိုင်ငံရေးအရှိန်မြင့်လာပြီး တက်ကြွသော ဝိုင်အမ်ဘီအေအသင်းဝင်များနှင့် ကုန်သည်ကြီးများဖြစ်သော ဦးမောင်ကြီး (ပေါင်းတည်)၊ ဦးမောင်ကြီး (ကြို့ပင်ကောက်)၊ ဦးစိန်ဝင်း (ပဲခူး)၊ ဦးဘညွန့် (မြန်မာ့အဆွေ)၊ လွန်းဦးလှ (ရွှေတောင်)၊ ဦးမြ(မြန်အောင်)၊ ဦးဘသင် (ဖျာပုံ)၊ သစ်ကုန်သည် ဦးဘအို၊ ချပ်သင်းဦးဘသင်၊ ဦးသင်းမောင်၊ ဦးဘဘေ၊ ဦးမောင်မောင်အုန်းခိုင်၊ ဦးဘကလေး(သူရိယ)၊ ဒေါက်တာသိန်းမောင်၊ ဦးလှဘူး၊ ဦးဘတူ စသည့်ပုဂ္ဂိုလ်ကြီးများက "စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေး တည်တံ့ခိုင်မြဲနိုင်မည်" ဟူသော ခံယူချက်ဖြင့် ဗမာကုန်သည်များအသင်း (Burma Chamber of Commerce) ကို ဖွဲ့စည်းခဲ့ကြသည်။ အသင်းကြီး၏ ပထမဆုံးဥက္ကဋ္ဌမှာ ဦးမောင်မောင်အုန်းခိုင်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌများမှာ ဦးဘဘေ၊ ဦးဘကလေးနှင့် အတွင်းရေးမှူးမှာ ဒေါက်တာ သိန်းမောင် ဖြစ်သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (နေပြည်တော်)

၁၉၁၉ ခုနှစ် အင်္ဂလိပ် ကိုလိုနီလက်ထက်က ဖွဲ့စည်းခဲ့သော ဗမာကုန်သည်ကြီးများအသင်းမှသည် ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးအဖြစ် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့ရာ ၂၀၁၉ ခုနှစ်က နှစ် ၁၀၀ ပြည့်ခဲ့ပြီး ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အင်္ဂလိပ်ကုန်သည်များသာ ပါဝင်ခွင့်ရသည့် ဗမာနိုင်ငံကုန်သည်များအသင်း နှစ်ပတ်လည် အစည်းအဝေးသို့ ဘုရင်ခံ ဆာဟူဘတ်ရန့်စ်နှင့် ဘုရင်ခံ အမှုဆောင်ဝန်ကြီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်ခဲ့ကြသည်။

**ဗမာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်**

အဆိုပါ နှစ်ပတ်လည် အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းက အမှာစကား ပြောကြားခဲ့ရာတွင် ဗမာနိုင်ငံသည် အရေးကြီးသော စက်မှုလုပ်ငန်းအနည်းငယ်သာရှိသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအတွင်း စစ်ပွဲနှစ်ကြိမ် ဖြစ်ခဲ့သည့်အတွက် စီးပွားရေးပျက်စီးခဲ့ရကြောင်း၊ အသက်စည်းစိမ်နှင့် ပစ္စည်းဥစ္စာဆုံးရှုံးပျက်စီးသည့် အတိုင်းအတာကို တစ်ဦးတစ်ယောက်ကမျှ ခန့်မှန်းနိုင်မည်မဟုတ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများလည်း နစ်နာဆုံးရှုံးမှုရှိကြောင်း၊ အနည်းငယ်သာရှိသော စက်မှုလုပ်ငန်းများလည်း ပျက်စီးခဲ့ရကြောင်း၊ ဂျပန်ငွေစက္ကူများ တရားမဝင် ကြေညာခဲ့၍ ပြည်သူများ မွဲတေခဲ့ရကြောင်း၊ စီးပွားရေး ပျက်စီးဆုံးရှုံးမှုအပေါ် နိုင်ငံရေးမတည်ငြိမ်မှုပါ ဖြစ်ပေါ်လာ၍ တစ်နိုင်ငံလုံး ဖရိုဖရဲ ဖြစ်သွားခဲ့ရကြောင်း။

နိုင်ငံပြန်လည်ထူထောင်ရေးနှင့်ပတ်သက်လို့ အများအပြားဆောင်ရွက်ပြီးကြောင်းကို ဥက္ကဋ္ဌကြီးက ပြောကြားခဲ့ရာတွင် ပြည်တွင်းရေကြောင်းသွားလာရေး တိုးချဲ့နိုင်ခဲ့ခြင်း၊ ကုန်းလမ်းသွားလာရေးနှင့်ပတ်သက်၍ လမ်းများပေါ်မှာ ယာဉ်များလုံလောက်စွာ သွားလာနေကြခြင်း၊ လျှပ်စစ်ဓာတ်အားစက်ရုံများ ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး သတ္တုတွင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ကြောင်းတို့ ပါဝင်ခဲ့ကြောင်း။

အစိုးရနှင့် ဆာလောင်နေသည့် ကမ္ဘာကြီးအနေဖြင့် ကျွန်တော်တို့ စိုက်ပျိုးရေးသမားများကို ကျေးဇူးတင်ထိုက်ပါကြောင်း၊ အလုပ်သမား၊ ကျွဲ၊ နွားများနှင့် လယ်ယာသုံးပစ္စည်းများ လိုအပ်ရှားပါးနေသည့် အချိန်မှာ လိုအပ်သောအားပေးမှု အကူအညီပေးနိုင်ခဲ့လို့ ဆန်စပါးတိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ပထမပိုင်းမှာ ဆန်တန်ချိန် ၇၅၀၀၀၀ တင်ပို့ရန် ခွင့်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် မေလလောက်တွင် ဆန်လက်ကျန်အခြေအနေကို ပြန်လည်သုံးသပ်ပြီး တန်ချိန်တစ်သန်းထိ ပို့နိုင်မည်လို့ ကျွန်တော်၏ အကောင်းမြင်စိတ်အရ ယုံကြည်နေကြောင်း။

တစ်ကမ္ဘာလုံးတွင် စားသောက်ကုန် လျော့နည်းမှုရှိနေသရွေ့ ပိုလျှံသည့် စားသောက်ကုန်များ နိုင်ငံခြားသို့ ရောင်းချခြင်းကို အစိုးရအနေဖြင့် ထိန်းသိမ်းထားသင့်သည်ဟု ဥက္ကဋ္ဌကြီး၏ အကြံပြုချက်ကို ကျွန်တော်သဘောတူကြောင်း။

ဥက္ကဋ္ဌကြီးမိန့်ခွန်းမှာ ဗမာဆန်ထုတ်လုပ်မှု ညံ့ဖျင်း၍ အရည်အသွေးကျဆင်းနေကြောင်း ပါရှိကြောင်း၊ ကျွန်တော်တို့အနေဖြင့် ပြည်ပတင်ပို့မည့် ဆန်အရည်အသွေးကို အလေးထား စိစစ်ထိန်းသိမ်းလျက်ရှိကြောင်း၊ နှစ်အနည်းငယ်အတွင်း လယ်ယာစိုက်ပျိုးရေး ပြန်လည်တိုးတက်မှုရှိလာပြီး ဗမာနိုင်ငံအနေဖြင့် စစ်မဖြစ်မီကကဲ့သို့ ဆန်တင်ပို့ ရောင်းချသည့်နိုင်ငံများ၏ ထိပ်တန်းနေရာသို့ ပြန်လည်ရောက်ရှိ လာလိမ့်မည်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီဖြစ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း"**

**ပဲမျိုးစုံကိုလိုအပ်တဲ့နိုင်ငံတွေသို့ တင်ပို့ရောင်းချ**

ထို့ပြင် မိုးဦးနှောင်းတဲ့အတွက် သီးနှံအထွက်နည်းခဲ့ပါတယ်။ ဒီရာသီမှာ ဥက္ကဋ္ဌကြီးတင်ပြတဲ့ ဝါဂွမ်းနဲ့ ဆီထွက်သီးနှံထွက်နှုန်း နည်းပါးတာကို ကျွန်တော်လက်ခံပါတယ်။ ကျွန်တော်တို့အနေဖြင့် ရာသီဥတုကို မထိန်းချုပ်နိုင်ပါဘူး။ ဒီနှစ်မှာ နိုင်ငံခြားသို့ တင်ပို့ရောင်းချဖို့ ပိုလျှံခြင်းမရှိသော်လည်း နိုင်ငံခြားက ဝယ်နေကျ ဖောက်သည်တွေနဲ့ အဆက်အသွယ်မပြတ်ဖို့ စတိအနေဖြင့် အနည်းငယ် တင်ပို့ရောင်းချဖို့ စဉ်းစားထားပါတယ်။ ဆီထွက်သီးနှံနဲ့ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ပဲဆီ တန် ၄၅၀၀၀ ဝယ်ယူလိုကြောင်း ကမ်းလှမ်းထားပါတယ်။ ကမ္ဘာမှာ ရှားပါးနေတဲ့အချိန် များပြားတဲ့ပမာဏ

## နေသူရိန်

ဝယ်ယူရန် ကမ်းလှမ်းခြင်းကို အချို့နိုင်ငံတွေက ဝေဖန်မှုတွေရှိပါတယ်။ အမှန်တော့ မမှားပါဘူး။ ကျွန်တော် လယ်သမားတွေ အလုံအလောက် စားသုံးနိုင်မှ အလုံအလောက် စိုက်နိုင်မယ်လို့ သုံးသပ်မှုအပေါ် အခြေခံပြီး မှာယူကမ်းလှမ်းခြင်း ဖြစ်ပါတယ်။ အခြားပဲမျိုးစုံကိုတော့ ပိုလျှံသလောက် လိုအပ်တဲ့နိုင်ငံတွေသို့ တင်ပို့ရောင်းချဖို့ ရည်ရွယ်ထားပါတယ်။

သစ်နှင့်ပတ်သက်၍ အစိုးရအနေဖြင့် ထုတ်လုပ်မှုတိုးချဲ့ရန် ရည်ရွယ်ထားပါတယ်။ ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်တွေ ပြန်လည်ရရှိရန် ကြိုးစားပါမယ်။ ကျွန်းသစ်နှင့် အခြားသစ်တွေ ခိုးယူနေခြင်းတွေကို သစ်တောဌာနက အစွမ်းကုန်တားဆီးနေသော်လည်း မထိရောက်ပါဘူး။ ဒီပြဿနာကို ကျွန်တော်တို့ အထူးဂရုပြုရပါမယ်။

ကျွန်တော် အစိုးရစီမံကိန်းတွေနဲ့ ပတ်သက်၍ ပြောလိုပါတယ်။ ဒီစီမံကိန်းတွေကို အိန္ဒိယနိုင်ငံဆင်းမလားမှ ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ သူတို့ရဲ့ အပြောအရ ပျက်စီးယိုယွင်းနေတဲ့ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် စီမံချက်တွေ အကောင်အထည်ဖော်တဲ့နေရာမှာ အစိုးရကိုယ်တိုင်က ကြီးကြပ်ကွပ်ကဲဖို့ သတ်မှတ်ခဲ့ပါတယ်။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောပါမယ်။ ဒီစီမံကိန်းတွေ အကောင်အထည်ဖော်ပုံကိုလည်းကောင်း အစိုးရက သူတို့ချမှတ်ထားတဲ့ မူဝါဒအတိုင်း အပြည့်အဝ ကြီးကြပ်ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ကို ကျွန်တော်လုံးဝ သဘောမတူပါ။ ပေါ်လစီတစ်ခုဟာ ရည်ရွယ်ချက်မည်မျှပင် ကောင်းပါစေ အကောင်အထည်ဖော်မှုမကောင်းလျှင် ရလဒ်ကောင်းမယ်မဟုတ်ပါ။ စီမံကိန်းတွေ ကောင်းမွန်စွာအကောင်အထည်ဖော်လျက်ရှိပြီး ဟန်ဆောင်မနေကြဖို့ ပြောလိုတယ်။

ဥပမာ– ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့နှင့် ပြည်သူ့ထောက်ပံ့ရေးအဖွဲ့တို့တွင် အလွန်ဆုံးရှုံးနစ်နာမှုများ ရှိနေကြောင်း၊ အစီရင်ခံစာများရရှိနေသော်လည်း စုံစမ်းဖော်ထုတ်ခြင်းမရှိသဖြင့် ကုဋေပေါင်းများစွာ ဆုံးရှုံးနေသည်ကို သိရသည်။ ငွေတစ်ကျပ်သုံးတိုင်း ပြည်သူများ အကျိုးအတွက် သုံးသင့်သည်။ အစိုးရအနေဖြင့် ဤစီမံကိန်းများကို အနီးကပ်ကြီးကြပ်မှုဖြင့် လုပ်ငန်းအောင်မြင်မှုနှင့် ပြည်သူများအကျိုး ရှိစေရမည်။ စီမံကိန်းများ ကြီးကြပ်ဆောင်ရွက်ရာတွင် အစိုးရဝန်ထမ်းမဟုတ်သူများ၏ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုသည်။

ကျွန်တော့်အနေဖြင့် အရေးပါအရာရောက်သည့် စက်မှုလုပ်ငန်းများကို ပြည်သူပိုင်လုပ်ရန် ရည်ရွယ်ပါသည်။ ပြည်သူပိုင်လုပ်မှသာ အများပြည်သူ လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်မည်ဖြစ်ပြီး စိတ်ချမ်းသာမှုပေးနိုင်မည်။ သို့သော် ပြည်သူပိုင်လုပ်ခြင်းသည် အချိန်အခါကောင်းတွင် ရည်ရွယ်ချက်ကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ စီမံကိန်းအချို့သည် ပြည်သူပိုင်အသွင် ဆောင်သော်လည်း တည်ဆဲပုဂ္ဂလိကလုပ်ငန်းများကို ဖျက်ဆီးနေသည့် သဘောသက်ရောက်နေသည်။ ကျွန်တော်တို့က အများအတွက် ပြည်သူပိုင်လုပ်လိုသော်လည်း ရည်ရွယ်သည့်အတိုင်း မဖြစ်နိုင်သေးပါက ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများကို မပျက်စီးစေလိုပါ။ အစိုးရအနေဖြင့် ယင်းလုပ်ငန်းများကို အားပေးပြီး စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေသင့်ပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

အရင်းရှင်စနစ်သည် အမြဲတမ်းရှိနေလိမ့်မည်ဟု ကျွန်တော်မယုံကြည်ပါ။ သို့သော် ဗမာနိုင်ငံကဲ့သို့သော နိုင်ငံသည် အရင်းရှင်ခေတ်မှတစ်ဆင့် တိုးတက်သွားရန်လိုအပ်သည်။ အရင်းရှင်စနစ်သည် အကန့်အသတ်မရှိ လွတ်လပ်စွာ မရပ်တည်သင့်ပါ။ ဗမာနိုင်ငံသည် စီးပွားရေးလျင်မြန်စွာ တိုးတက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုအပ်သည်။ ကျွန်တော်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်တို့လက်ခံပြီး ယခင်ကကဲ့သို့ သွေးစုပ်အုပ်ချုပ်မှုများ မရှိရန် စနစ်တကျ ကြီးကြပ်မှုရှိရမည်။ ဝင်လာသည့် ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် သင့်မြတ်သော အကျိုးအမြတ်ကို ပေးရမည်ဖြစ်ပြီး ပြည်သူများ အလုပ်အကိုင်ရရှိ၍ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေရမည်။

ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်နိုင်ငံရေးသည် လန်ဒန်စာချုပ်အရ တည်ငြိမ်ပါတော့မည်။ နိုင်ငံရေးရောဂါ ကုစားနိုင်သော်လည်း စီးပွားရေးရောဂါ တည်ရှိနေပါသေးသည်။ စီးပွားရေးရောဂါ ရှိနေခြင်းကြောင့် ဥပဒေစိုးမိုးမှုအပြည့်အဝနှင့် လျင်မြန်မှုမဖြစ်နိုင်သေးပါ။ အစိုးရအနေဖြင့် တရားဥပဒေ စိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရန် လိုသည်။

**အလုပ်သမားများအခွင့်အရေးများ တောင်းဆိုလာကြ**

နိုင်ငံအတွင်း အလုပ်သမားပဋိပက္ခများရှိနေသေးသည့်အပြင် အလုပ်သမားသပိတ်မှောက်မှုများလည်း ရှိနေသေးသည်။ အလုပ်သမားများ၏ နစ်နာချက်များ မှန်ကန်သလောက် မှန်ကန်သည်။ ကျွန်တော်တို့ အလုပ်သမားများ၏ အခြေအနေက တိုးတက်ဖွံ့ဖြိုးသော အခြားနိုင်ငံများမှ အလုပ်သမားများနှင့် နှိုင်းယှဉ်ပါက အလွန်နိမ့်ကျကြသည်။ ဒါကြောင့် အလုပ်သမားများ နိုးကြားလာကြပြီး အခွင့်အရေးများ တောင်းဆိုလာကြသည်။ အလုပ်သမားလှုပ်ရှားမှုများမှာ မတန်တဆ တောင်းဆိုမှုများလည်း ရှိတတ်သည်။ အလုပ်သမားများကို အပြစ်တင်ခြင်းမပြုဘဲ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများတွင်အလုပ်ရှင်များအနေဖြင့် ဥပဒေရှုထောင့်တစ်ခုတည်းမကြည့်ဘဲ လူမှုရေးရှုထောင့်များမှလည်း စဉ်းစားရန်အစိုးရအနေဖြင့် မျှော်လင့်ပါကြောင်း ပြောကြားလိုသည်ဟု အမှာစကား ပြောကြားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ကြေညာပြီး အစွန်းရောက်လက်ဝဲနိုင်ငံရေးသမားများ၏ အကြံဉာဏ်၊ အတွေးအခေါ်များကြောင့် ကုန်စုံဆိုင်မှစပြီး စာသင်ကျောင်း၊ ရုပ်ရှင်ရုံများ၊ စက်မှုလက်မှု လုပ်ငန်းငယ်ကလေးများကို ပြည်သူပိုင်သိမ်းလိုက်၍ အာရှတွင် ဖွံ့ဖြိုးတိုးတက်စပြုနေသော မြန်မာနိုင်ငံမှာ အဆင်းရဲဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့သည်။

၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ အထူးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက ပြန်လည်မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် မြန်မာကုန်သည်ကြီးများနှင့် ယခုလို ရင်းရင်းနှီးနှီးတွေ့ဆုံရန် ဆန္ဒရှိခဲ့သည်မှာ အတော်ကြာပြီ ဖြစ်ကြောင်း၊ မလွှဲမရှောင်သာသော အကြောင်းများကြောင့် မတွေ့ခဲ့ရကြောင်း၊ ယခုလို တိုင်းရင်းသားကုန်သည်ကြီးများနှင့် တွေ့ဆုံနိုင်ရန်အတွက် စီစဉ်ပေးသော မြန်မာကုန်သည်ကြီးများအသင်းကို မိမိအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလို ရင်းရင်းနှီးနှီး တွေ့ဆုံရသည့်အခါမှာ စီးပွားရေးနှင့် ပတ်သက်၍ အရေးကြီးသောအချက်ကို နိုင်ငံတော်အစိုးရ၏ သဘောထားအဖြစ် ပွင့်ပွင့်လင်းလင်းပြောဆိုလိုကြောင်း၊ ရှေးဦးစွာ ပြောဆိုလိုသည့်အချက်မှာ နိုင်ငံတော်အစိုးရနှင့် စီးပွားရေးသမားများမှာ တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းဖြစ်နေသောအချက်ပင် ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံခြင်းနည်းပါးခဲ့သဖြင့် တစ်ဦးပေါ်တစ်ဦး မယုံသင်္ကာဖြစ်နေသောကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း စီးပွားရေးသမားများသည် လူထုအကျိုးစီးပွားမပါရှိဘဲ ကိုယ်ကျိုးစီးပွားရေးသာရှာကြမည်လောဟူသောအချက်ဖြင့် စီးပွားရေးသမားများအပေါ် မယုံသင်္ကာဖြစ်နေကြောင်း၊ စီးပွားရေးသမားများကလည်း ၎င်းတို့မြှုပ်နှံပြီး ငွေပင်ငွေရင်းကြီးငယ်တို့ကို နိုင်ငံတော်အစိုးရသည် လက်ဝဲလမ်းစဉ်အရ ပြည်သူပိုင်သိမ်းယူလိုက်ကြမည်လောဟု မယုံသင်္ကာရှိနေကြကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အကျိုးကို ထောက်ထား၍ မယုံသင်္ကာစိတ်များ ဖျောက်ပစ်ကြရန်အချိန်ရောက်ပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို လက်ဝဲနိုင်ငံတော်အဖြစ် ပြောင်းလဲရန် ဆန္ဒရှိသော်လည်း နေ့ချင်းညချင်းပြီးမြောက်အောင် ပြောင်းလဲရန် မဖြစ်နိုင်ကြောင်းကို စွဲမြဲစွာ ယုံကြည်ထားကြောင်း၊ ယင်းကဲ့သို့ ကြားကာလပြောင်းလဲရေးကာလအတွင်း (၁) ပျက်စီးနေသော စီးပွားရေးများကို ပြန်လည်ထူထောင်ရန်နှင့် (၂) စီးပွားရေးလုပ်ငန်းအသစ်များကို ထူထောင်ရန်အတွက် ငွေရင်းသော်လည်းကောင်း၊ စီးပွားရေးကျွမ်းကျင်မှုသော်လည်းကောင်း နှစ်ခုစလုံးကို ပိုင်ဆိုင်ကြသည့် စီးပွားရေးသမား ကြီးငယ်များအနေဖြင့် တစ်ဦးချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို တစ်ဦးချင်း ဆောင်ရွက်ရန် မတတ်နိုင်ပါက စုပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်က ဦးဆောင်လုပ်နေသည့်လုပ်ငန်းများတွင် မိမိတို့ငွေရင်းများကိုမြှုပ်နှံခြင်း၊ မိမိတို့ကျွမ်းကျင်နေသော စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ယူခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ အုတ်မြစ်ကြီးကို ခိုင်ခံ့သည်ထက်ခိုင်ခံ့ရန်၊ ဝိုင်းဝန်းဆောင်ရွက်ပေးရန် နိုင်ငံတော်က လိုလားလျက်ရှိကြောင်း၊ နိုင်ငံတော်က စိုးရိမ်နေသည့် အချက်မှာ စီးပွားရေးသမားများအနေဖြင့် ပြည်သူ့အကျိုးစီးပွားအတွက်မပါဘဲ ကိုယ့်အကျိုးစီးပွားများအတွက်သာ တစ်ဖက်သတ် စီးပွားရှာသွားကြမည်ဟူသော အချက်အလက်ပင်ဖြစ်ပါကြောင်း၊ လူထုအကျိုးကိုပါ ဆောင်ရွက်သည့်လုပ်ငန်းများကို အစိုးရအနေဖြင့် ရက်ရက်ရောရော အကူအညီပေးမည်ဆိုတာကို နိုင်ငံတော်အစိုးရကိုယ်စား ကြေညာလိုပါကြောင်း၊ ရှေးအခါက ကျွန်တော်တို့ တိုင်းရင်းသားများသည် အာဏာလက်မဲ့ဖြစ်ကြ၍ အာဏာလက်ကိုင်ရှိသော ဘောင်းဘီဝတ်၊ ဒိုတီဝတ်တို့၏ စီးပွားရှာဖွေမှုများကို ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေခဲ့ရကြောင်း၊ ယခုအခါ မိမိတို့လက်တွင်းသို့ အာဏာသက်ဆင်းလာပြီဖြစ်၍ တစ်ဖက်သတ်စီးပွားရှာဖွေမှုများကို ဘောင်းဘီဝတ်ဖြစ်စေ၊ ဒိုတီဝတ်ဖြစ်စေ၊ ပုဆိုးတောင်ရှည်ဝတ်ဖြစ်စေ မည်သူ့ကိုမှ ခွင့်ပြုနိုင်မည်မဟုတ်ကြောင်း၊ မိမိနှင့်တကွ ပြည်သူလူထုအကျိုးရှိစေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် ပြည်တွင်းပြည်ပစီးပွားရေးသမားများထံမှ ရနိုင်သည့် အကူအညီကိုယူ၍ နိုင်ငံတော်အစိုးရက ပေးစွမ်းနိုင်မည့်အထောက်အပံ့ကိုလည်း ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားနှင့် တိုင်းရင်းသားများကို ဆက်ဆံရာတွင် အရည်အချင်းတူလျှင် တိုင်းရင်းသားများကို ပိုမိုအခွင့်အရေးပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဖြစ်၍ ပျက်စီးနေသော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များ ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ စီးပွားရေးအဖွဲ့များနှင့် ဆက်သွယ်ရန် လေးနက်စွာ တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဖွဲ့စည်းခဲ့သော ဗမာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ စိန်ဘရားသား ဦးထွန်းစိန် လက်ထက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက အသင်းနှစ်ပတ်လည်အစည်းအဝေး၌ ပထမဆုံးတက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အထက်ပါအချက်များကို ကြည့်ခြင်းအားဖြင့် ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများသည် ကုန်သည်ကြီးများအသင်းကို အားပေးအားမြှောက်ထောက်ခံပေးခဲ့ကြသည်။ ထိုနည်းတူ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်) က အစိုးရအဆက်ဆက်တွင် နိုင်ငံတော်အတွက် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာလည်း အထင်အရှားပင် ဖြစ်သည်။

အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့သည် အသင်းချုပ်၏ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်နေခြင်းထက် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေး၊ လူမှုရေးအကျပ်အတည်းများကို အလျင်အမြန် ဖြေရှင်းနိုင်ရေးအတွက် အောက်ပါကဏ္ဍ (၅) ရပ်ကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည် –

၁။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များအား အစိုးရက ငွေကျပ် ၁၀၀ ဘီလီယံထုတ်ချေးသည့် အစီအစဉ်တွင် အသင်းချုပ်မှ ပူးပေါင်းဆောင်ရွက်ခြင်း။

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေထူထောင်ခြင်း၊ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းခြင်း၊ အခြေခံလူတန်းစားများအတွက် အစားအသောက်ထောက်ပံ့ပေးရန် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းနှင့် လှူဒါန်းခြင်းတို့ကို ပြုလုပ်ရန်။

၃။ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များအတွက် အသင်းချုပ်မှ အလှူငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းခဲ့ရာ KBZ Bank နှင့် KBZ MS General Insurance တို့မှ ကျပ်သိန်း ၁၀၀၀ ထပ်မံလှူဒါန်းခဲ့ခြင်း။

၄။ ၇-၄-၂၀၂၀ ရက်တွင် အသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ စုစုပေါင်းငွေကျပ် ၃၀၀၄၈၀၀ တန်ဖိုးရှိ PPE ဝတ်စုံများ၊ Mask၊ Hand Gel (500) ml၊ သူနာပြုဝတ်စုံ၊ အပူတိုင်းကိရိယာ၊ အသင့်စားခေါက်ဆွဲနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းခဲ့ခြင်း။

၅။ အခြေခံစားသောက်ကုန်များကို ပြည်သူများသို့ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့ကြသည်။

> ❖ **ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်ကြီးများသည် ကုန်သည်ကြီးများအသင်းကို အားပေးအားမြှောက် ထောက်ခံပေးခဲ့ကြသည်။ ထိုနည်းတူ ကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်) က အစိုးရအဆက်ဆက်တွင် နိုင်ငံတော်အတွက် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ခဲ့သည်**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သို့ လာရောက်၍ အသင်းကြီး၏ ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားခဲ့သည်။ အမှာစကားများထဲမှ တချို့ကို ကောက်နုတ်ဖော်ပြရသော် –

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် ဖွဲ့စည်းတည်ထောင်မှုနှစ်ပေါင်း ၁၀၀ ကျော် ရှိပြီဖြစ်ပြီး အမိုအခိုကင်းသည့် အဖွဲ့အစည်း ဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ရောင်းဝယ်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရကြောင်း၊ ထုတ်ကုန်များရရှိရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကို အခြေခံသည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ဆောင်ရွက်ခြင်းသည် အကျိုးများစွာဖြစ်ထွန်းစေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**သွင်းအားစုများရရှိအောင် ကြိုးပမ်းဆောင်ရွက်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် သွင်းအားစုများလိုအပ်သဖြင့် ရရှိအောင်ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့တိုင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း စီမံကိန်းများအနက် အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်မှု မရှိသေးကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရန် လိုကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gastifire ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း လက်တွေ့ အသုံးချနိုင်မည်ဆိုပါက အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ နိုင်ငံစီးပွားတိုးတက်ရေးအတွက် ယခုတက်ရောက်လာကြသည့်အဖွဲ့အစည်းမှ အများဆုံး ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

၁၉၁၉ ခုနှစ်က စတင်တည်ထောင်ခဲ့သော အသင်းကြီးသည် ၂၀၁၉ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ရာပြည့်သဘင်အခမ်းအနားကို ကြီးကျယ်စွာ ကျင်းပလိုသော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလဖြစ်နေ၍ အထိမ်းအမှတ်ပွဲ အနေဖြင့်သာ ပြုလုပ်ခဲ့ရသည်။ ရန်ကုန်အသင်းချုပ်ရုံးနှင့် နေပြည်တော်အသင်းချုပ်ရုံးများကို ခံ့ညားထည်ဝါစွာ တွေ့မြင်ကြရမည်ဖြစ်သည်။

အသင်းချုပ်ကြီးသည် နှစ် ၁၀၀ မှသည် ရှေ့သို့ နှစ်ပေါင်းများစွာ ဆက်လက်၍ တည်တံ့ပြီး ပြည်သူများအကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးဖွင့်ပွဲ အခမ်းအနားနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆၁၁) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားနှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ပြုလုပ်ရာ ရွှေတိဂုံစေတီတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရေ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

ဦးစွာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စုရုပ်ပြုလုပ်၍ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များကို စေတီတော်ရင်ပြင်တွင် လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယပွဲတော်ကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာမြို့နယ် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပွဲတော်ကျင်းပရေးကိစ္စနှင့် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် တစ်ဦးက ဗုဒ္ဓပူဇနိယမင်္ဂလာ အဖွင့်စကား ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ မြတ်ဗုဒ္ဓ၏သဗ္ဗညုတ ဉာဏ်ရောင်မြတ်တန်ဆောင်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဩဝါဒါစရိယဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များက ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဂေါပကအဖွဲ့ တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မဟာပဋ္ဌာန်း ပစ္စယ နိဒ္ဒေသဒေသနာတော်များကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ်အတွင်းရှိ တက်ရောက်လာကြသူများ၊ အာရုံခံမုခ်ဦး လေးခုတွင်နေရာယူထားကြသော ပရိသတ်အမျိုးလေးပါးတို့က ရွတ်ဖတ်ပူဇော်၍ ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်း အသင့်နေရာယူထားသော သံဃာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကို အသံမစဲ ဆက်လက်ရွတ်ဖတ်ပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်တွင် သံဃာတော်အပါး ၁၂၀ တို့က ယနေ့နံနက် ၉ နာရီမှ မတ် ၅ ရက် နံနက် ၉ နာရီအထိ ကိုးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး မတ်လ ၄ ရက် (အဖိတ်နေ့) ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၁၁၇ ပါး၊ သီလရှင် ၂၇ ပါးတို့အား ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှစ၍ ရင်ပြင်တော်ပေါ် လက်ယာရစ်တစ်ပတ် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ မတ် ၅ ရက် (တပေါင်းလပြည့်နေ့) နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်အောင်မြေ၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်း၍ နံနက် ၉ နာရီတွင် ချမ်းသာကြီးတန်ဆောင်း၌ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ပိတ်ပွဲ (အောင်ပွဲ)နှင့် ရေစက်ချအခမ်းအနား ကျင်းပခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရဟန်းရှင်လူပြည်သူများမှ အနုမောဒနာပြုနိုင်ကြရန်နှင့် ပါဝင်လှူဒါန်း ကုသိုလ်ပြုနိုင်ကြရန် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နံတော်စဉ်ပရိယတ္တိစာသင်တိုက်နှင့် လေသာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မြစကြာပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ဟိတကာရီ ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အရှေ့အလယ်ကိုင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စွယ်တော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မန်ဆူဘုရားကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီအားလပ်ရက်များတွင် လူငယ်ဖွံ့ဖြိုးရေး သင်တန်းများ အခမဲ့ဖွင့်လှစ်ပို့ချမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၄**

နွေရာသီအားလပ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်ချက်ဖြင့် လူငယ်ဖွံ့ဖြိုးရေး သင်တန်းများကို မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

လူငယ်ဖွံ့ဖြိုးရေးသင်တန်းများအနေဖြင့် မြန်မာ့ရိုးရာသိုင်းသင်တန်း၊ ပန်းချီသင်တန်း၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းသင်တန်းနှင့် Physical Fitness Dance သင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

မတ် ၆ ရက်မှစတင်ကာ Physical Fitness Dance သင်တန်း၊ မြန်မာ့ရိုးရာ သိုင်းသင်တန်းနှင့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ ပန်းချီသင်တန်းကို မတ် ၂၀ ရက်တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး (ရန်မျိုးအောင်ရပ်ကွက်၊ ရန်ကုန် – မန္တလေးကားလမ်းမအနီး) သို့ လာရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သမဝါယမကောလိပ် (မန္တလေး)တို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများရရှိပြီး၊ ဘက်စုံထူးချွန်ထက်မြက်သူများ ပေါ်ထွန်းစေရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၃ ရက်က လူငယ်စကားဝိုင်းကျင်းပရာ သမဝါယမကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ဆွေးနွေးစဉ်။ မြို့နယ် (ပြန်/ဆက်)




ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၂၂ ရက်က ကျောင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ဆွေးနွေးစဉ်။

တင်တင်ထွေး




အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ) ၌ ကျင်းပသည့် ကျောင်းတွင်း ရေသဘင်ပွဲတော်အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါ အစိုးရနည်းပညာကောလိပ်ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ) ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ရေကစားစဉ်။

တင်ထွန်းဦး (ပြန်/ဆက်)



# ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယား ရေထွက်ကုန်ထုတ်လုပ်မှု ခြောက်ရာခိုင်နှုန်းကျဆင်း

ဆိုးလ် ဖေဖော်ဝါရီ ၂၄

**၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယား၏ ရေထွက်ကုန်ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စာရင်းအင်းရုံးမှ ဖေဖော်ဝါရီ ၂၄ ရက်တွင် ထုတ်ပြန်သည်။**

ယခင်နှစ်က တန်ချိန် ၃၈၃၂၀၀၀ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်က ငါးဖမ်းလုပ်ငန်းတွင် စုစုပေါင်းထုတ်လုပ်မှု တန်ချိန် ၃၆၀၄၀၀၀ သာရှိခဲ့ကြောင်း ကိုရီးယား စာရင်းအင်းရုံးက ထုတ်ပြန်သည်။ ပင်လယ်ရေမှော်၊ ဂုံးနှင့် ကဘလူးငါးထုတ်လုပ်မှု ကျဆင်းခဲ့ခြင်းကြောင့် ရေထွက်ကုန် မွေးမြူထုတ်လုပ်မှုကဏ္ဍမှ တန်ချိန် ၂၂၆၈၀၀၀ သာရှိခဲ့ပြီး ငါးပုစွန်ထွက်ရှိမှု ၅ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ကမ်းနီး ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် ပြည်ကြီးငါး၊ ငါးပါးနီနှင့် ငါးသင်ဝါငါးရရှိမှု နည်းပါးသဖြင့် ထုတ်လုပ်မှုတန်ချိန် ၈၈၇၀၀၀ သာရရှိခဲ့ပြီး ၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထို့အတူ ကမ်းဝေးရေနက် ငါးဖမ်းလုပ်ငန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ချိန် ၄၀၀၀၀၀ သာရှိခဲ့ပြီး ၁၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

သို့သော်လည်း ၂၀၂၂ ခုနှစ်အတွင်း ငါးရှဉ့်၊ ခရုနှင့် ထရောက်ငါး ဝယ်လိုအားမြင့်တက်ခဲ့မှုကြောင့် ရေချိုငါးဖမ်းလုပ်ငန်းမှာ ၁၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်းတန်ချိန် ၄၉၀၀၀ အထိ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ရေထွက်ကုန်လုပ်ငန်းမှ ရရှိသည့် စုစုပေါင်းဝင်ငွေ ၉ ဒသမ ၂၄ ထရီလီယံဝမ် (အမေရိကန်ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ) ရရှိခဲ့ပြီး ယခင်နှစ်ကထက် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဆင်ဟွာ



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ စူပါမားကတ်တစ်ခုကို တွေ့ရစဉ်။

# အစ္စရေးလေယာဉ်များအတွက် အိုမန်လေပိုင်နက်ကို ဖွင့်ပေးမည်

**မူစကပ် ဖေဖော်ဝါရီ ၂၄**

အိုမန်နိုင်ငံသည် ၎င်းတို့လေပိုင်နက်တွင် ပျံသန်းရန်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသည့် လေယာဉ်များအားလုံးအတွက် လေပိုင်နက်ကို ဖွင့်ပေးမည်ဟု ပြောကြားခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် အစ္စရေးအရပ်သားလေယာဉ်များ အိုမန်လေပိုင်နက်တွင် ပျံသန်းခွင့်ရရှိရေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းလည်းဖြစ်သည်။ အိုမန်ပြည်သူ့လေကြောင်းအာဏာပိုင်အဖွဲ့သည် အဆိုပါကြေညာချက်ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အိုမန်နိုင်ငံသည် အစ္စရေးနှင့် သံတမန်ဆက်ဆံရေးမရှိသည့် နိုင်ငံလည်းဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် အာရပ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့ကြား ဆက်ဆံရေး အဆင်ပြေစေရန် တွန်းအားပေးလျက်ရှိပြီး ယခုလို လှုပ်ရှားမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျသည်လည်း အစ္စရေးနှင့် သံတမန်ဆက်ဆံရေးမရှိသောနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ်အတွင်း ၎င်းတို့၏ လေပိုင်နက်ကို အစ္စရေးအရပ်ဘက်လေယာဉ်များအတွက် လမ်းဖွင့်ပေးခဲ့သည်။ ယင်းသို့ လမ်းဖွင့်ပေးမှုသည်လည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ဆော်ဒီခရီးစဉ်နှင့် တိုက်ဆိုင်နေသည်။ အိုမန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း အမေရိကန်အစိုးရက ကြေညာခဲ့သည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည်လည်း ယခုလိုလှုပ်ရှားမှုကို ကြိုဆိုကြောင်းပြောခဲ့ပြီး အစ္စရေးလေကြောင်းလုပ်ငန်းအတွက် ထူးခြားသောနေ့ရက်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ရဟတ်ယာဉ်ပျက်ကျပြီးနောက် အီရန်ဝန်ကြီးတစ်ဦး ဦးနှောက်သွေးယိုစီးမှုဝေဒနာ ခံစားနေရ



အီရန်အားကစားရေးရာဝန်ကြီး ဟာမစ် ဆာဂျာဒီ။

**တီဟီရန် ဖေဖော်ဝါရီ ၂၄**

အီရန်အားကစားရေးရာဝန်ကြီး ဟာမစ် ဆာဂျာဒီသည် ဖေဖော်ဝါရီ ၂၃ ရက်က ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားပြီးနောက် ဦးနှောက်သွေးယိုစီးမှုဝေဒနာခံစားရပြီး သတိလစ်သွားကြောင်း တရားဝင် သတင်းအေဂျင်စီ အိုင်အာအင်န်အေက ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖော်ပြသည်။

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ဘစ်ဖ်မြို့၌ ဖြစ်ပွားသည့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် ဆာဂျာဒီ၏ အကြီးတန်းအကြံပေးတစ်ဦး သေဆုံးခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှုအတွင်း ဒဏ်ရာရရှိသူ ၁၈ ဦးအနက် သုံးဦးကို ဆေးရုံမှ ဆင်းခွင့်ပြုထားပြီး ကျန်တစ်ဦးမှာ ပြန်လည်သက်သာလာပြီဖြစ်သည်။

အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို အီရန်လခြမ်းနီ အဖွဲ့အစည်းက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်မြို့ပြလေကြောင်းအဖွဲ့ရုံးမှ လုံခြုံရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အကြီးအကဲဖြစ်သူ ဟတ်ဆန် ရီဇအီဖာက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ဆင်ဟွာ

# တိုယိုတာလျှပ်စစ်ကားများကို အမေရိကန်တွင် ထုတ်လုပ်သွားမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၄**

ဂျပန်ကားကုမ္ပဏီကြီးဖြစ်သည့် တိုယိုတာကုမ္ပဏီသည် ၂၀၂၅ ခုနှစ် အစောပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ လျှပ်စစ်ကားများ ထုတ်လုပ်သွားမည်ဟု မျှော်မှန်းထားကြောင်းသိရသည်။

လျှပ်စစ်ကား ဈေးကွက်ကျယ်ပြန့်လာမှုကို တုံ့ပြန်သည့် အနေဖြင့် အမေရိကန်၌ လျှပ်စစ်ကားများ ထုတ်လုပ်သွားရန် မျှော်မှန်းထားခြင်း ဖြစ်သည်။ အမေရိကန် ကင်တပ်ကီပြည်နယ်ရှိ တိုယိုတာစက်ရုံ၌ လျှပ်စစ်ကားများကို အစောဆုံး ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

တိုယိုတာ ကုမ္ပဏီသည် လျှပ်စစ်ကားများ ထုတ်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၆၀၀ကို ရင်းနှီးမြှုပ်နှံထားသည်။ ထုတ်လုပ်ရေးလုပ်ငန်းများ ဆက်တိုက် လုပ်ဆောင်နိုင်ရန်အတွက် ကိုယ်ပိုင်ဘက်ထရီကို ထုတ်လုပ်ရန် စီစဉ်နေပြီး မြောက်ကာရိုလိုင်းနား၌ စက်ရုံတည်ကာ ၂၀၂၅ ခုနှစ်တွင် ထုတ်လုပ်မှုများ စတင်နိုင်အောင် ကြိုးပမ်းသွားမည်ဟု သိရသည်။




ကုမ္ပဏီ၏ ဥက္ကဋ္ဌအသစ် ဆာတိုကိုဂျီသည်လည်း လျှပ်စစ်ကားများ အရှိန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ၎င်း၏လမ်းပြမြေပုံကို ထုတ်ဖော်ပြသခဲ့သည်။ ဒေသတွင်းစနစ်များနှင့် ကိုက်ညီသည့် ထုတ်လုပ်မှုမျိုး လုပ်ဆောင်ရန် အာရုံစိုက်ထားသည်။ တိုယိုတာသည် ၎င်း၏အတိတ်က အောင်မြင်ခဲ့သလို လျှပ်စစ်ကားဈေးကွက်တွင်လည်း သရဖူဆောင်းနိုင်ခြင်း ရှိ၊ မရှိ အာရုံစိုက်နေကြသည်။

အင်န်အိတ်ချ်ကေ

# ကယ်လီဖိုးနီးယားပြည်နယ်၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ တစ်သိန်းကျော် ရှိလာ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၄**

အမေရိကန်ပြည်ထောင်စုရှိ လူဦးရေအထူထပ်ဆုံး ပြည်နယ်ဖြစ်သော ကယ်လီဖိုးနီးယားတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအများဆုံး ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များ၏ ဖေဖော်ဝါရီ ၂၃ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ လူဦးရေ သန်း ၄၀ ဝန်းကျင်ရှိပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူဦးရေမှာ ၁၀၀၁၈၇ ဦးရှိသည်ဟု ကယ်လီဖိုးနီးယားပြည်သူ့ကျန်းမာရေးဌာန၏ အချက်အလက်များအရ သိရသည်။ ကိုဗစ် – ၁၉ အတွက် ကာကွယ်ဆေးနှင့် ကုထုံးများရှိနေသည့်အချိန်တွင်ပင်လျှင် ကိုဗစ် – ၁၉ မှာ လူအများအတွက် ခြောက်လှန့်စရာဖြစ်နေဆဲဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် အမေရိကန်၌ ကိုဗစ်–၁၉ ကူးစက်မှု အမြင့်ဆုံးပြည်နယ်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ ကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၁ သန်းရှိသည်ဟု ကယ်လီဖိုးနီးယား ပြည်သူ့ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၄၃၀ အထိ တိုးလာ

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂၄**

လာအိုနိုင်ငံ၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၃၀ ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

လာအို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးနှင့် ပညာရေးစင်တာမှ ဖေဖော်ဝါရီ ၂၄ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် နိုင်ငံအတွင်း သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ခံရသူ ၁၂ ဦး ရှိလာပြီးနောက် စုစုပေါင်းရောဂါကူးစက်ခံရသူ ၄၃၀ အထိ ရှိလာပြီဖြစ်သည်။

မြို့တော် ဗီယင်ကျန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး ရောဂါဖြစ်ပွားသူ အရေအတွက်မှာ ၈၃ ဦးရှိပြီး အူဒိုမက်စ်ဆေးပြည်နယ်တွင် ၇၆ ဦးနှင့် လွမ်ပရာဘန်းပြည်နယ်တွင် ၄၄ ဦး ရှိကြောင်း သိရသည်။

လာအိုကျန်းမာရေး အာဏာပိုင်များသည် သွေးလွန်တုပ်ကွေးရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်စေရန် နေအိမ်နှင့် လုပ်ငန်းခွင်များတွင် ခြင်ပေါက်ပွားနိုင်ခြေရှိသော နေရာများကို ရှင်းလင်းရန် ပြည်သူများအား တိုက်တွန်းအားပေးလျက်ရှိသည်။

ဆင်ဟွာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ယဉ်မျိုးလှိုင်သည် ၎င်းအသုံးပြုသည့် “Yin Myo Hlaing” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဏ္ဏားကျွန်းမြို့သို့ နယ်လှည့်ဆေးကုသရေးအဖွဲ့ အထူးကုဆရာဝန်ကြီးများ လာရောက်၍ (အခမဲ့)ဆေးကုသပေးမည်

**ပုဏ္ဏားကျွန်း ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၏ ညွှန်ကြားမှုဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အထူးကုဆရာဝန်ကြီးများက ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီး သိမ်တော်၌ (အခမဲ့)ဆေးကုသပေးမည်ဖြစ်သည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့တွင် အထူးကုသမားတော်ကြီး၊ ခွဲစိတ်ပါရဂူ၊ ကလေးအထူးကုဆရာဝန်ကြီး၊ အရိုး/အကြောအထူးကုဆရာဝန်၊ မျက်စိ၊ နား၊ နှာခေါင်းအထူးကုဆရာဝန်၊ သွားအထူးကုဆရာဝန်နှင့် အထွေထွေရောဂါ အထူးကုဆရာကြီးများက ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ပေးပြီး လိုအပ်သည့် ဆေးဝါးများဖြင့် (အခမဲ့)ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

## မြိတ်မြို့နှင့် ကျိုင်းတုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြိတ်မြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်တွင် ဘားလတ် (ခ) ဇာနည်ထွန်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်မိုင်(ကွက်သစ်)ကျေးရွာအနီးတွင် လောသား မောင်းနှင်ပြီး အားဆော့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



လောသားနှင့် အားဆော့ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဖေဖော်ဝါရီ ၂၁ ရက်တွင်** တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်၌ သုံးဘီးဆိုင်ကယ် နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Krong Thip – 90 စာတန်းပါ စီးကရက်ဖာ ၉၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀)ကိုလည်းကောင်း၊ ထားဝယ်မြို့ ကရပ်ပြင်ရပ်ကွက်၌ နေအိမ်ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Krong Thip – 90 စာတန်းပါ စီးကရက်ဖာ ၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကရပ်ပြင်တောင်ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်တစ်ဆိုင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စီးကရက်မျိုးစုံဖာ ၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၆၈၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၆၈၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီ ၂၂ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း တရားမဝင် အင်သစ်ခွဲသား ၃ ဒသမ ၀၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၅၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ် ရတနာပုံရပ်ကွက်အတွင်း Toyota Hilux အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ



လည်းကောင်း၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၃၅၀၀၀** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဖေဖော်ဝါရီ ၂၃ ရက်တွင်** မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ လားရှိုးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားမဝင်ကျွန်းခွဲသား ဆိုဒ်စုံ ၈ ဒသမ ၀၇၆၀ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၈၃၆၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၈၈၃၆၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် နှင်းဆီလမ်းအနီးတွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပန်းကန်ဆေးဆပ်ပြာရည် ဖာ ၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀)၊ ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီ လီတာ ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Hino Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၆၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး(ဝဲပုံ) အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် မော်တော်ကားတာယာ ၁၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၀၀၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၆၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၄၁၈၆၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၂ ရာခိုင်နှုန်းရှိ

**(၂၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၃၆,၂၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၀၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၇၅ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၈၄ |
| 95 Ron | ၂၀၈၄ | ၂၁၆၀ |
| HSD (500 ppm) | ၂၀၆၃ | ၂၁၃၃ |
| HSD (50 ppm) | ၂၁၃၇ | ၂၂၀၉ |
| HSD (10 ppm) | ၂၁၃၇ | ၂၂၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်

*ဗိုလ်ကြည်(အား/ကာ)*

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် **"အားကစားဆိုသည့် အရာကို ချန်ထားခဲ့၍မရနိုင်ပါ"**။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အချက်ကြီး သုံးချက်ကို အခြေခံ၍ တည်ဆောက်ကြရမည်ဖြစ်ပြီး ထိုအချက်များထဲမှ လူမှုရေးအချက်အဖြစ် အကျုံးဝင်သော **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး"** အချက်ပါဝင်ပါသည်။ နိုင်ငံ့ အနာဂတ်ထွန်းလင်းတောက်ပ ဖွံ့ဖြိုးတိုးတက်ရန် အတွက် အဆိုပါတိုင်းပြည်ရှိ နိုင်ငံသားများ ကျန်းမာ ကြံ့ခိုင်၍ ပညာရည်ပြည့်ဝကာ စိတ်ဓာတ်ရေးရာ ကောင်းမွန်ပြီး ဗလငါးတန်နှင့် ပြည့်စုံနေရန် အရေးကြီးပါသည်။ အထူးသဖြင့် နိုင်ငံ၏ တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ် လူရွယ်များသည် ကျန်းမာကြံ့ခိုင်၊ အရည်အချင်း ပြည့်ဝနှလုံးလှ၍ စိတ်ဓာတ်ကောင်းမွန်မှသာလျှင် နိုင်ငံ၏ အဖိုးတန်ရတနာအဖြစ် တည်ရှိနိုင်မည် ဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူများ ကျန်းမာ ကြံ့ခိုင်ပြီး နိုင်ငံ၏လူ့စွမ်းအားများ ကောင်းမွန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကစွမ်းဆောင်ပေး နိုင်သည်မှာ **"အားကစား"** ပင် ဖြစ်ပါသည်။

### အားကစားဆိုသည့် အဓိပ္ပာယ်

အားကစားဆိုသည့် အဓိပ္ပာယ်သည် **"အင်အားနှင့်ဉာဏ်ရည်ကို အသုံးချပြီး ယှဉ်ပြိုင်မှုကို အားကစား "** ဟု ခေါ်သည် **(Sport is Game or Competition Involving Physical and Mental Activities)**။ အားကစားသည် လူတစ်ဦးချင်းဖြင့်သော် လည်းကောင်း စုပေါင်းပြီး အသင်းလိုက်သော် လည်းကောင်း အားကစားတစ်မျိုးမျိုးကို နည်းစနစ် မှန်မှန် စနစ်တကျ လှုပ်ရှားဆောင်ရွက်ခြင်းပင် ဖြစ်သည်။ အားကစားပြုလုပ်မှုသည် ကိုယ်လက် လှုပ်ရှားမှု ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားနိုင်သည့် အရွယ်မှစ၍ အသက်အရွယ်ကြီးမြင့်ပြီးနောက် ကောင်းမွန်စွာ လှုပ်ရှားနိုင်သည်အထိ မည်သူမဆို ဆောင်ရွက်နိုင်သော အရာပင်ဖြစ်သည်။

နိုင်ငံအတွင်းရှိ ကျောင်းသားလူငယ်များ အနေဖြင့် အားကစားကို ငယ်စဉ်ကပင် စိတ်ပါဝင်စားစွာ ကစားစေခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ကိုယ်ခန္ဓာကြီးထွားသန်မာခြင်း၊ စားဝင်အိပ်ပျော် ခြင်း၊ စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုမြင့်မားခြင်း၊ မိတ်ဆွေ သင်္ဂဟပေါများခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ်ကို မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရပါက နိုင်ငံဂုဏ်ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

ကျောင်းသားလူငယ်များသည် ငယ်စဉ်ဘဝ ကပင် အားကစားကို လိုက်စားခြင်းအားဖြင့် အချိန် ကို အကျိုးရှိစွာ အသုံးချတတ်လာပြီး အားလပ်ချိန်တွင် အားကစားပြုလုပ်ခြင်းဖြင့် ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ကွန်ပျူတာဂိမ်းဆော့ခြင်းနှင့် အခြား မကောင်းသောအရာများမှလည်း ကာကွယ် တားဆီးပေးနိုင်ပါသည်။

### ကျန်းမာကြံ့ခိုင်စေသော ဘဝများ

အားကစားပြုလုပ်ခြင်းကြောင့် လူအများနှင့် ကောင်းမွန်စွာ ဆက်ဆံနိုင်ခြင်း၊ အနိုင်မခံ အရှုံး မပေးသော စိတ်ဓာတ်ကို လေ့ကျင့်မှုရရှိစေခြင်း၊ စည်းမျဉ်း/ စည်းကမ်း ဥပဒေဘောင်အတွင်းမှ အနိုင်ရယူတတ်ခြင်း၊ မိမိကိုယ်ကို လေးစားမှု စွမ်းရည်တိုးတက်လာခြင်း၊ စိတ်ဖိစီးမှုလျော့ကျ စေခြင်း၊ တရားမျှတမှုကို ခံမင်နှစ်သက်လာခြင်း၊ အချိန်ကို လေးစားတတ်လာခြင်း၊ လူတစ်ဦးနှင့် တစ်ဦး လေးလေးစားစား အပြန်အလှန်ဆက်ဆံ တတ်ခြင်း၊ အရှုံးကိုလက်ခံပြီး ကောင်းမွန်စွာ ပြန်လည်တုံ့ပြန်နိုင်ခြင်းစသည့် အကျိုးကျေးဇူး ကောင်းများကို ရရှိမည်ဖြစ်ပြီး လူ့ဘဝတစ်လျှောက် လုံး စိတ်ဓာတ်ရေးရာဆိုင်ရာ အရည်အချင်း ကောင်းများအပြင် ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်စေသော ဘဝများ ရရှိနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာရှိ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်နေသော နိုင်ငံကြီးအားလုံးသည် တိုင်းပြည် တည်ဆောက်ခဲ့ကြရာတွင် လူငယ်ကဏ္ဍကို အထူး အလေးပေးဆောင်ရွက်ခဲ့ကြပြီး အရည်အသွေး ပြည့်ဝသော လူငယ်မျိုးဆက်သစ်များကို စဉ်ဆက် မပြတ် မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အများစုနိုင်ငံများမှာ ကျောင်းသားလူငယ်ဘဝမှာပင် ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံပညာကျောင်း များတွင် အားကစားပြုလုပ်ရန် အားကစားချိန် ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရ သည်။

အားကစားဘာသာရပ်များ၊ အားကစားနည်း အလိုက် နည်းပြများ စနစ်တကျခန့်အပ်၍ ကျောင်းသားလူငယ်များအား နည်းစနစ်ကျကျ အားကစားပြုလုပ်ခြင်းများ ဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

### အားကစားအမျိုးအစား လေးမျိုး

ပြည်သူများ အားကစားကို လှုပ်ရှားဆောင်ရွက် ရာတွင် အားကစားအမျိုးအစား လေးမျိုးခွဲခြား သတ်မှတ်ထားရှိသည်။ ၎င်းတို့မှာ အပန်းဖြေ အားကစား **(Leisure Sport)**၊ ရိုးရာအားကစား **(Traditional Sport)**၊ ယှဉ်ပြိုင်အားကစား **(Competitive Sport)**၊ လူထုအားကစား **(Mass Sport)** တို့ဖြစ်သည်။

### လူထုအားကစား

လူထုအားကစားအမျိုးအစားသည် နိုင်ငံ အတွက် အထူးအရေးပါအရာရောက် အကျိုးပြု သော အားကစားအမျိုးအစားဖြစ်သည်။ လူထု အားကစား၏အဓိပ္ပာယ်သည် **ငွေကြေးကုန်ကျမှု နည်း၍ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး လွယ်လင့် တကူ စုပေါင်းလေ့ကျင့်နိုင်သော ကိုယ်လက် လှုပ်ရှားမှုကို ဆိုလိုသည်။ လူထုအားကစား ရည်ရွယ်ချက်သည် "လူတစ်ဦး အားကစားမှ လူတစ်စုအားကစား၊ လူတစ်စုအားကစားမှ ပြည်သူ လူထု အားကစားသို့"** ဖြစ်ပြီး ပြည်သူလူထုများ ပါဝင်ကစားလာစေရန် ပညာပေးခြင်း၊ လှုံ့ဆော် ခြင်း၊ သရုပ်ပြခြင်းတို့ကို ရည်ရွယ်သည်။

လူထုအားကစားတွင် လူတစ်ဦးချင်းမှအစ လူအများပါဝင်လှုပ်ရှားလာစေသော နည်းလမ်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လူတစ်ဦးသည် ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းမှ အပေါင်း အသင်းများစုဝေး၍ တဖြည်းဖြည်းလမ်းလျှောက် လာမည်။ ၎င်းမှတစ်ဆင့် လူအများပါဝင် စုပေါင်း ဆောင်ရွက်ခြင်းဖြင့် ပြည်သူများကိုယ်လက် လှုပ်ရှားမှု ပြုလုပ်လာမည်ဖြစ်သည်။ လမ်းလျှောက် ခြင်းမှတစ်ဆင့် အခြားအားကစားနည်းတစ်ခုခုကို ပြုလုပ်ရန် စိတ်ပါဝင်စားလာပြီး ဝါသနာပါသည့် အားကစားနည်းကို ဝါသနာတူရာ အပေါင်းအသင်း များစုစည်း၍ စိတ်ပါဝင်စားစွာ လှုပ်ရှားကစား လာမည်ဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

ထိုသို့စိတ်ပါဝင်စားမှုမှအစပြု၍ အချိန်မှန်မှန် မိမိဝါသနာပါသော အားကစားကို အပေါင်းအသင်း များနှင့် လှုပ်ရှားဆောင်ရွက်သော အလေ့အကျင့် ရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူများ လူထုအားကစားကို စိတ်ပါဝင်စားစွာ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုကို ငွေကြေးကုန်ကျမှုမရှိဘဲ ရရှိမည်ဖြစ်ပြီး လူငယ်များ ကလည်း ဝါသနာပါရာ အားကစားနည်းကို စုပေါင်း ဆောင်ရွက်လာခြင်းဖြင့် အားကစားနည်းအလိုက် ထူးချွန်သော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဖြစ်သည်။

### လူထုအားကစားကို အခြေခံနိုင်မှသာ

နိုင်ငံတော်၏ အားကစားအောင်မြင်မှု ရရှိ လိုပါက လူထုအားကစားကို အခြေခံပြီး အောင်မြင် အောင် ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်မှုရရှိ နိုင်မည်ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စတင်ဖွဲ့စည်း ခဲ့သည့် အားကစားနှင့်ကာယပညာကော်မတီသည် လူထုအားကစားကို စတင်အကောင်အထည်ဖော် ခဲ့ပြီး ပြည်သူတစ်ရပ်လုံး အားကစားကို တစ်ဦးချင်း စီမှ အစပြု၍ စုပေါင်းလှုပ်ရှားလာပြီး နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြသဖြင့် ထိုကာလများမှစ၍ မြန်မာ့အားကစား အောင်မြင်မှု များ ဆက်တိုက်ရရှိကာ အားကစားရွှေခေတ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့် ပထမရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အအောင်မြင်ဆုံး အားကစားနည်းမှာ ဘောလုံး အားကစားနည်းဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် ၁၉၆၆ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် ချန်ပီယံနှစ်ကြိမ်၊ အာရှ ဖလား ဘောလုံးပြိုင်ပွဲ ၁၉၆၇ ခုနှစ် ဒုတိယဆု၊ ၁၉၇၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု၊ အာရှလူငယ်ချန်ပီယံ ရှစ်ကြိမ်၊ ကျွန်းဆွယ် ချန်ပီယံငါးကြိမ်နှင့် အခြားသောနိုင်ငံများ၏ ဖိတ်ခေါ် ဖလားပေါင်းများစွာရရှိပြီး အောင်မြင်မှု များကို မှတ်တမ်းစိုက်ထူခဲ့သည်။

### နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသူများ

ထူးချွန်ဘောလုံးကစားသမားများစွာ ပေါ်ထွက် လာခဲ့ပြီး ဗဟာဒူး၊ (ဂိုး) တင်အောင်နှင့် မောင်မောင် တို့မှာ အာရှလက်ရွေးစင်အထိ ရွေးချယ်ခံခဲ့ရသည်။ အခြားအားကစားနည်းများဖြစ်သော ရေကူး အားကစားနည်းမှ တင်မောင်နီ၊ နန္ဒကျော်စွာ၊ အလေးမ အားကစားနည်းမှ ထွန်းမောင်၊ မောင်မောင်လွင်၊ လက်ဝှေ့အားကစားနည်းမှ တင်ထွန်း၊ အောင်ကို၊ မောင်ညွန့်၊ ပြေးခုန်ပစ် အားကစားနည်းမှ မီတုန်းနော်၊ ဂျင်နီဖာတင်လေး၊ မြင့်မြင့်အေး၊ ရှင်မွေးဂမ်း သေနတ်ပစ်အားကစား နည်းမှ ဗိုလ်မှူးကျော်ရှိန်၊ ဗိုလ်မှူးခင်မောင်မြင့် စသည့် အားကစားသမားများသည် မြန်မာနိုင်ငံ အတွက် အရှေ့တောင်အာရှကျွန်းဆွယ်တွင် ဆုတံဆိပ်များရရှိရုံသာမက အာရှအဆင့်ထိ ဆုတံဆိပ်များ အလီလီဆွတ်ခူးပြီး မြန်မာ့ အားကစားကို အာရှအဆင့်ထိသာမက ကမ္ဘာ့ အဆင့် အိုလံပစ်အားကစားပြိုင်ပွဲအထိ အောင်မြင် စွာ ထိုးဖောက်၍ နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့ကြသူများ ပင်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့

**"ယနေ့ကမ္ဘာရှိ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးအားလုံးသည် တိုင်းပြည်တည်ဆောက် ခဲ့ကြရာတွင် လူငယ်ကဏ္ဍကို အထူးအလေးပေးဆောင်ရွက်ခဲ့ကြပြီး အရည်အသွေးပြည့်ဝသော လူငယ် မျိုးဆက်သစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အများစုနိုင်ငံများမှာ ကျောင်းသားလူငယ်ဘဝမှာပင် ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံပညာကျောင်းများတွင် အားကစား ပြုလုပ်ရန် အားကစားချိန် ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်"**

*စာမျက်နှာ ၁၆ မှ*

ထိုကဲ့သို့ မြန်မာအားကစား အောင်မြင်မှုရရှိခဲ့သော ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ၁၉၈၀ ပြည့်နှစ်အထိ ပတ်ဝန်းကျင်ကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်သူများ အားကစားကို အောက်ခြေအဆင့်မှစ၍ လူထုအားကစားလှုပ်ရှားမှုများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ဝန်ကြီးဌာနအဆင့်ဆင့် အားကစားပြိုင်ပွဲများ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊ ကျောင်းသားအားကစားပြိုင်ပွဲများ စနစ်တကျကျင်းပခဲ့ခြင်း၊ အခြေခံပညာကျောင်းများတွင် ကာယအချိန် (PT) အချိန်အပြည့် အဝအသုံးချခြင်း စသည့်အချက်များသည် မြန်မာနိုင်ငံ၏ အားကစားကို အောင်မြင်မှုရရှိစေခြင်း၏ အဓိကအချက်တစ်ခုဖြစ်သည်ကို တွေ့ရပေမည်။

**နိုင်ငံတော်၏ဂုဏ်ကို အထူးမြင့်တက်စေ**

အားကစားအောင်မြင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်ကို အထူးမြင့်တက်စေသည်။ နိုင်ငံတကာပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိ၍ မိမိနိုင်ငံ၏အလံကို နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ကြွားကြွားဖြင့် လွှင့်တင်၊ နိုင်ငံတော်အလံကို နိုင်ငံတကာမှ အခမ်းအနားတက်ရောက်သူအားလုံး အလေးပြု၊ နိုင်ငံတော်သီချင်း သီဆိုဂုဏ်ပြုခွင့်ရရှိချိန်သည် အားကစားသမားများ မျက်ရည်ကျသည်အထိ ကြည်နူးဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပြီး နိုင်ငံတော်အတွက် အထူးဂုဏ်ယူစရာနှင့် ဂုဏ်သိက္ခာမြှင့်တင်နိုင်ခြင်းဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အားကစားသည် သက်ဆိုင်ရာနိုင်ငံအတွက် ဂုဏ်သိက္ခာမြင့်မားစေမှုမှာ ဘောလုံးအားကစားဟုဆိုလိုက်လျှင် ဘရာဇီးနိုင်ငံကို အားလုံးသတိရသလို ဂေါက်သီး၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘောဆိုလျှင် အမေရိကန်နိုင်ငံ၏ အမှတ်တံဆိပ်ဖြစ်ပါသည်။ လက်ဝှေ့ဆိုလျှင် ကျူဘား၊ ရေခဲပြင်စကိတ်ဆိုလျှင် ရုရှား၊ အာရှနိုင်ငံများတွင် ဂျူဒိုဆိုလျှင် ဂျပန်၊ ကြက်တောင်ဆိုလျှင် အင်ဒိုနီးရှား၊ ဝူရှူး၊ စားပွဲတင်တင်းနစ်ဆိုလျှင် တရုတ်နိုင်ငံ၊ အပြေးမှာ တာတိုဆိုလျှင် ဂျမေကာ၊ မာရသွန်ဆိုလျှင် အီသီယိုပီးယားနိုင်ငံကို ယှဉ်တွဲသိကြပြီး အားကစားပြယုဂ်သည် နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုများစွာ မြှင့်တင်ပေးနိုင်သည်။

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသောနိုင်ငံများသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများထဲမှ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မီဒီယာလုပ်ငန်းများကို များစွာ ဖွံ့ဖြိုးတိုးတက်စေပြီး အားကစားပွဲများလက်ခံကျင်းပမှုကြောင့် အားကစားနည်းအလိုက် အားကစားအဆောက်အအုံများစွာ ပိုင်ဆိုင်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ပြည်သူများ အားကစားဆောင်ရွက်ရန် အားကစားကွင်း၊ အားကစားရုံများ ပိုမိုများပြားလာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံအတွင်းရှိပြည်သူများ ဆင်းရဲချမ်းသာမရွေး၊ တိုင်းရင်းသားမရွေး၊ အားကစား အောင်နိုင်ရေး ဝိုင်းဝန်းအားပေးကြရာတွင် နိုင်ငံအတွင်းရှိ ပြည်သူများ တစ်စိတ်တစ်ဝမ်းတည်းရှိနေခြင်းကို ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲက သက်သေပင်ဖြစ်သည်။ ထိုကာလအတွင်း မြန်မာပြည်သူများသည် မြန်မာ့အားကစားသမားများ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ကစားနေမှုနှင့် ပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကို တစ်ခဲနက် အားပေးခဲ့ကြပြီး တိုင်းရင်းသားပြည်သူပေါင်းစုံတို့၏ စည်းလုံးညီညွတ်မှုနှင့် ဇာတိသွေး၊ ဇာတိမာန်ကို ပြသနိုင်ခဲ့သောပွဲဖြစ်ခဲ့သည်။

**ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေး**

ယနေ့ကမ္ဘာကြီးသည် တိုးတက်လာသော နည်းပညာများအရ ဇိမ်ခံမော်တော်ကား၊ လေယာဉ်၊ သင်္ဘော၊ တီဗွီ၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းစသည့် ပစ္စည်းများကိုသုံးစွဲလာပြီး လူနေမှုပုံစံများပြောင်းလဲလာကြသော်လည်း ယာဉ်၊ ရထားစီးနင်းပြီး နေ့စဉ်လုပ်ငန်းခွင်ဝင်ရောက်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လုပ်ငန်းခွင် အချိန်မီဝင်ရောက်နိုင်ရေးနှင့် ရုံးပြန်နောက်ကျမှုတို့ကြောင့် ကိုယ်ပိုင်အချိန် နည်းပါးလာခြင်း၊ အားကစားပြုလုပ်ရန် ကိုယ်ပိုင်အချိန်မရှိသလောက် ရှားပါးလာခြင်း၊ ယနေ့ခေတ် စားသုံးမှုအစားအစာများတွင်လည်း တာရှည်ခံဓာတုဗေဒဆေးဝါးများ ပါဝင်လာခြင်း၊ အဆီအဆိမ့်များကို ပိုမိုစားသောက်လာခြင်း၊ ကွမ်းယာ၊ ဆေးလိပ်နှင့် အရက်သေစာများ သုံးစွဲမှုများပြားလာခြင်း၊ လူငယ်များအကြား စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါးများ ထိုးဖောက်ဝင်ရောက်လာခြင်းတို့ကြောင့် မကူးစက်နိုင်သော ရောဂါကြီးများဖြစ်ကြသည့် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ အဝလွန်ရောဂါ၊ အရိုးပွရောဂါ၊ စိတ်ကျရောဂါစသည့် ရောဂါအမျိုးမျိုးတို့ ဖြစ်ပွားလာပြီး သေဆုံးမှုနှုန်းထားမြင့်တက်လာမှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ **၂၀၀၈ ခုနှစ် စစ်တမ်းများအရ အသက် ၁၅ နှစ်နှင့်အထက် ကမ္ဘာ့လူဦးရေ၏ ပျမ်းမျှ ၃၁ ရာခိုင်နှုန်း (ကျား ၂၈ ရာခိုင်နှုန်း၊ မ ၃၄ ရာခိုင်နှုန်း)** သည် ကျန်းမာရေးအတွက် လုံလောက်သော ကိုယ်လက်လှုပ်ရှားမှု (Physical Activity) မပြုလုပ်ကြဟု ဖော်ပြထားသည်။ တစ်နေ့လျှင် ငါးနာရီနှင့်အထက် ဆက်တိုက်ထိုင်၍ လှုပ်ရှားမှုမရှိဘဲ အလုပ်လုပ်နေသူများသည် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရန် သေချာသလောက်ရှိနေမည်ဖြစ်သည်။ နေ့စဉ်လူတစ်ဦးသည် ကိုယ်လက်လှုပ်ရှားမှု **မိနစ် ၃၀ ခန့်နှင့် တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် အနည်းဆုံး** ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန် လိုအပ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ အကြံပြုထားသည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာခြင်းကြောင့် ကမ္ဘာပေါ်၌ နှစ်စဉ်လူဦးရေ ၃၆ သန်းသည် အထက်ဖော်ပြပါ မကူးစက်နိုင်သော ရောဂါများကြောင့် နှစ်စဉ်သေဆုံးလျက်ရှိပြီး မြန်မာနိုင်ငံ၌လည်း သေဆုံးသူဦးရေ ၅၉ ရာခိုင်နှုန်းသည် မကူးစက်နိုင်သော ရောဂါများကြောင့် ဖြစ်သည်။

ထိုသို့ ပြောင်းလဲလာသော လူနေမှုပုံစံများနှင့် ကျန်းမာရေးအခြေအနေကို ကာကွယ်ရန် အချက်မှာ နိုင်ငံအတွင်းရှိ ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ကျန်းမာရေးအတွက် ပြည်သူများသည် မိမိ၏ကိုယ်ပိုင်အချိန်ထဲမှ ကိုယ်လက်လှုပ်ရှား အားကစားနည်းတစ်မျိုးမျိုး (သို့မဟုတ်) လမ်းလျှောက်ခြင်းစသည်တို့ကို မဖြစ်မနေ ဆောင်ရွက်သင့်သည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လူထုအားကစားကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်သည်။

**အားကစားပိုမိုပြုလုပ်နိုင်ရန်**

ပြည်သူများ အားကစားပိုမိုပြုလုပ်နိုင်ရန် အားကစားကွင်း/ရုံများ၊ ဥယျာဉ်နှင့် ပန်းခြံများကို ဖန်တီးတည်ဆောက်ပေးခြင်း၊ နိုင်ငံတစ်ဝန်း မြို့နယ်များအလိုက် Out Door Fitness များတပ်ဆင်ပေးခြင်း၊ ဝန်ကြီးဌာနအလိုက် ကိုယ်လက်လှုပ်ရှား အားကစားကို အချိန်ပေးဆောင်ရွက်စေခြင်း၊ အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာ တက္ကသိုလ်များတွင် အားကစားချိန်ကို အမှန်တကယ် အကျိုးရှိရှိဆောင်ရွက်စေခြင်း၊ တိုင်း/ခရိုင်/ မြို့နယ်အလိုက် လူထုအားကစားလှုပ်ရှားမှုများကို ဒေသအာဏာပိုင်များကဦးစီး၍ စနစ်တကျ ဆောင်ရွက်စေခြင်းတို့ဖြင့် ပြည်သူအများ အားကစားလှုပ်ရှားမှုဖြင့် ကျန်းမာကြံ့ခိုင်စေပြီး စိတ်ရွှင်လန်း၍ လုပ်ငန်းခွင်အတွင်းနှင့် မိသားစုဘဝပါ ပျော်ရွှင်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အတွက် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ အားကစားအဖွဲ့များ အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် လူထုအားကစားကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်ပြီး မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အောက်ခြေအဆင့် အားကစားပြိုင်ပွဲများအပြင် နှစ်စဉ်အားကစားပြက္ခဒိန်အလိုက် ပုံမှန်ကျင်းပပေးခြင်း၊ အခြေခံပညာကျောင်းများတွင် အားကစားချိန်များသင်ကြားပေးခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံ ပြိုင်ပွဲများ၊ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများကို စနစ်တကျ ကျင်းပပေးခြင်း၊ လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ၊ အားကစားအဖွဲ့ချုပ်အလိုက် တံခွန်စိုက်ပြိုင်ပွဲများနှင့် အမျိုးသားအားကစားပြိုင်ပွဲများကို ပြန်လည်၍ကျင်းပပေးနိုင်ရန် အထူးလိုအပ်သည်။

ထို့ပြင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ လက်ခံကျင်းပခြင်း၊ နိုင်ငံတကာအားကစားနည်းအလိုက် ထူးချွန်သောနိုင်ငံများနှင့် ပူးပေါင်းလေ့ကျင့်စေခြင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်၍ ကျောင်းသားလူငယ်များအကြား အားကစားကို စိတ်ပါဝင်စားအောင် ဆောင်ရွက်ပေးခြင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအောက်ရှိ အားကစားအဖွဲ့ချုပ်အသီးသီးကို ခိုင်မာအောင်ဖွဲ့စည်းပြီး အဖွဲ့ချုပ်တစ်ခုချင်းစီနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်စေခြင်း၊ အားကစားနှင့် ပတ်သက်၍ မီဒီယာကဏ္ဍကို အသုံးချ၍ ပြည်သူလူထုကို စည်းရုံးဆွဲဆောင်စေခြင်း၊ အောင်မြင်မှုရရှိသော နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဘဝအာမခံချက်ရရှိစေရန် နိုင်ငံတော်မှ ထိုက်တန်စွာ ဆုချီးမြှင့်ခြင်း၊ နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ခဲ့ကြသော အားကစားသမားဟောင်းကြီးများအား ဆုကြေးပင်စင်များ ချီးမြှင့်ခြင်းစသည့် ဆောင်ရွက်ချက်များကို အားသွန်ခွန်စိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့အားကစား အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

အချုပ်ဆိုရသော် အားကစားသည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်သိက္ခာ၊ အရှိန်အဝါ ကြီးမားသော ပုံရိပ်ဖြစ်သည်သာမက နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကာကွယ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးကိုပါ များစွာအထောက် အကူပြုသောအရာပင်ဖြစ်သည်။ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားကဏ္ဍ မြှင့်တင်ရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာအောင် လူထုအားကစားကို အခြေခံထား၍ စနစ်တကျ အောက်ခြေအဆင့်ဆင့်မှ အမျိုးသားရေး အသွင်ဖြင့် အာရုံစူးစိုက်အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်သင့်ပေသည်။ သို့မှသာ နိုင်ငံ့အားကစားကဏ္ဍမြင့်တက်လာပြီး ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်သော ဘဝပိုင်ဆိုင်ပြီး နိုင်ငံတကာအလယ်တွင် နိုင်ငံ၏အားကစား အောင်မြင်မှုဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကိုမြင့်တက်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

**(၁) နေ့စဉ်ထုတ်သတင်းစာ**

**(၂) မြန်မာနိုင်ငံအားကစားသမိုင်းစာအုပ်**

# တနင်္သာရီတိုင်းဒေသကြီး၌ ဘဏ္ဍာရန်ပုံငွေ ပိုမိုလျာထားပြီး တောင်သူများ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးမည်

**မြိတ် ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူလူထု၏ ဝမ်းစာဖူလုံရေးအတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေများကို လာမည့် ဘဏ္ဍာနှစ်တွင် ပိုမိုလျာထားပြီး တောင်သူများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် မြိတ်မြို့နယ်အတွင်းရှိ တောင်သူများတွေ့ဆုံစဉ် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသဝမ်းစာဖူလုံမှုရှိစေရန် တောင်သူများ၏ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာမည့်နှစ်တွင် မိုးစပါး၊ နွေစပါး လျာထားဧကအတွက် မျိုးစပါးများ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေများထုတ်ချေးပေးပြီး မြိတ်ခရိုင် လယ်သမားအစုအဖွဲ့သို့ စုပေါင်းခြွေလှေ့စက်နှင့် ထွန်စက်များ ဝယ်ယူဖြည့်ပေးခဲ့ကာ အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်စက်များကို မြိတ်ခရိုင် စပါးစိုက်တောင်သူများနှင့် လယ်ယာဝန်ဆောင်မှုအသင်းမှ တောင်သူများအား လယ်ယာဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒေသတွင်းဝမ်းစာဖူလုံရန် စပါးစိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် မိုးစပါးကို ဧကနှစ်သိန်းကျော် စိုက်ပျိုးကြပြီး နွေစပါးအနေဖြင့် စိုက်ပျိုးမှုနည်းပါးကြောင်း၊ တိုင်းဒေသကြီး ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၇၂ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိကြောင်း၊ ဒေသခံများ စားသုံးရန် ဆန်တန်ချိန်သုံးသိန်းခန့်လိုအပ်ကြောင်း၊ ဆန်စပါးထွက်ရှိမှုအနေဖြင့် ဆန်တန်ချိန်နှစ်သိန်းနှစ်သောင်းခန့်သာ ထွက်ရှိသည့်အတွက် ဆန်တန်ချိန်ခုနစ်သောင်းကျော် လိုအပ်ကြောင်း၊ ယခုထက် ပိုမိုပြီး ဒေသဝမ်းစာဖူလုံမှုရှိအောင် လိုအပ်သည်များကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများအနေဖြင့် စပါးအထွက်တိုးရန်အတွက် စိုက်ပျိုးပေးကြစေလိုကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုက်တွန်းပြောကြားထားသည်။

တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် မိုးစပါး ၂၂၃၇၄၇ ဧကနှင့်



နွေစပါး ၇၉၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးအနေဖြင့် တစ်ဧကအထွက်နှုန်း ၇၁ ဒသမ ၇၉ တင်းနှုန်းထွက်ရှိခဲ့၍ လာမည့်နှစ်တွင် စပါးစိုက်ဧကများမှ အထွက်တိုးမျိုးစပါး ပြောင်းလဲစိုက်ပျိုးရန်၊ တစ်တိုင်းလုံးတွင် မိုးစပါး ၅၆၈၂၄ ဧကနှင့် နွေစပါး ၁၆၃၁ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## လွယ်ဂျယ် - လိုင်းရင်းနယ်စပ်ဂိတ် ကုန်သွယ်မှုမြင့်တက်လာ

တရုတ် – မြန်မာ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် လွယ်ဂျယ် – လိုင်းရင်း နယ်စပ်ဂိတ်၏ ၂၀၂၃ ခုနှစ် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏမှာ ယမန်နှစ် ကာလတူထက် ပမာဏ ၇ ဒသမ ၆ ဆအထိ တိုးတက်များပြားလာခဲ့ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်တွင် လက်ရှိအချိန်အထိ လိုင်းရင်းနယ်စပ်ဂိတ်၏ ပို့ကုန်သွင်းကုန်ပမာဏသည် တန်ချိန် ၁၃၈၉၀၀ ကျော်ရှိပြီး ကုန်သွယ်မှုပမာဏ ယွမ် ၃၃၅ သန်းကျော်လွန်ခဲ့ရာ ယမန်နှစ် ကာလတူထက် ၃ ဒသမ ၇ ဆနှင့် ၇ ဒသမ ၆ ဆ တိုးတက်လာကြောင်း သိရသည်။

လွယ်ဂျယ်–လိုင်းရင်း နယ်စပ်ဂိတ်မှာ ကချင်ပြည်နယ် ဗန်းမော်မြို့မှ ၅၆ မိုင် ၄ ဖာလုံ အကွာတွင်ရှိပြီး တရုတ်နိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်းမြို့နယ် လိုင်းရင်းကျေးရွာနှင့်ထိစပ်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။



## အာရှဆန်ဈေးကွက်အတွင်း အိန္ဒိယဆန်အဝယ်လိုက်၍ ဗီယက်နမ်ဆန် ဈေးငြိမ်

**မွမ်ဘိုင်း ဖေဖော်ဝါရီ ၂၄**

အာရှဆန်ဈေးကွက်၌ အဓိကတင်ပို့သည့်နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်းနှင့် အိန္ဒိယတို့ဖြစ်ပြီး ယခုသီတင်းပတ်အတွင်း ဈေးနှုန်းသက်သာသည့် အိန္ဒိယဆန်မှာ အရောင်းအဝယ် ပိုမိုဖြစ်ထွန်းလာခဲ့ပြီး ဈေးနှုန်းအနည်းငယ်ကျဆင်းလာလျက်ရှိသည်ကို မြင်တွေ့ရသည်။

ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်းဆန်သိုလှောင်မှုလက်ကျန် အားနည်းနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဗီယက်နမ်မှ ပြည်ပသို့ ဆန်တန်ချိန် ခြောက်သန်းတင်ပို့မည်ဟု သိရသည်။ ငါးရာခိုင်နှုန်းဆန်ကွဲပါ ဗီယက်နမ်ဆန်အမျိုးအစားမှာ ယခင်သီတင်းပတ်အတိုင်း ဈေးနှုန်းတည်ငြိမ်နေပြီး ခေါ်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၅ မှ ၄၆၀ ရှိသည်။

ထိုင်းဆန်မှာမူ ယခုသီတင်းပတ်အတွင်း ဘတ်ငွေဈေးနှုန်းကျဆင်းမှုကြောင့် ဈေးနှုန်းများလည်း အနည်းငယ်ကျဆင်းလာခဲ့ပြီး အရောင်းအဝယ်လည်း အေးလျက်ရှိသည်။ ငါးရာခိုင်နှုန်း ဆန်ကွဲပါ ထိုင်းဆန်သည် ယခင်အပတ်က ခေါ်ဈေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ မှ ၄၉၀ ကြားရှိခဲ့သော်လည်း ယခုသီတင်းပတ်တွင် အမေရိကန်ဒေါ်လာ ၄၆၀ မှ ၄၆၅ ကြားသာ ရှိသည်။

**ဈေးနှုန်းသက်သာသည့် အိန္ဒိယဆန်**

အိန္ဒိယဆန်မှာမူ နှစ်နှစ်တာအတွင်း ဈေးနှုန်းအမြင့်ဆုံးအခြေအနေတွင်ရှိပြီး ငါးရာခိုင်နှုန်းဆန်ကွဲပါ အိန္ဒိယပေါင်းဆန်အမျိုးအစားမှာ ယခင်အပတ်ကအတိုင်း ဈေးငြိမ်နေပြီး ခေါ်ဈေးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ မှ ၄၀၂ အထိ ရှိကာ အဝယ်လိုက်နေဆဲဖြစ်သည်။ တရုတ်နှင့် အင်ဒိုနီးရှားတို့က အရန်ဆန်သိုလှောင်ရန် စိတ်အားထက်သန်နေချိန်တွင် ထိုင်းနှင့် ဗီယက်နမ်ဆန်များထက် ဈေးနှုန်းသက်သာသည့် အိန္ဒိယဆန်မှာ ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း သိရသည်။

## ထိုင်းနိုင်ငံ၌ ပြည်ပခရီးသွားများ ဝင်ကြေးပေးရမည့် အစီအစဉ် ဇွန်လတွင်စတင်မည်

**ဘန်ကောက် ဖေဖော်ဝါရီ ၂၄**

ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် နိုင်ငံခြားခရီးသည်ဝင်ကြေးအား လာမည့် ဇွန်လမှစတင်၍ ကောက်ခံသွားမည်ဖြစ်ကြောင်း ဘန်ကောက်ပို့စ် သတင်းဌာနက ရေးသားဖော်ပြထားသည်။ ယခုကဲ့သို့ နိုင်ငံခြားသား ခရီးသွားများအား ဝင်ကြေးကောက်ခံခြင်းကို ထိုင်းနိုင်ငံလွှတ်တော်က အတည်ပြုခဲ့ပြီး ဝင်ကြေးကို လေကြောင်းမှ ဝင်ရောက်သူများအတွက် ဘတ် ၃၀၀ နှင့် ရေကြောင်းဝင်ရောက်သူများအတွက် ဘတ် ၁၅၀ သတ်မှတ်ကောက်ခံသွားရန်ရှိသည်။

**ခရီးသွား သန်း ၃၀ အထိ ခန့်မှန်းထား**

ကိုဗစ်ကပ်ရောဂါမတိုင်မီ ၂၀၁၉ ခုနှစ်က ထိုင်းနိုင်ငံအတွင်း နိုင်ငံခြားသားခရီးသွား သန်း ၄၀ အထိ ဝင်ရောက်ခဲ့သော်လည်း ထိုင်းအစိုးရသည် ယခု ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွား သန်း ၃၀ အထိ လာရောက်နိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားပြီး ယခင်နှစ်ထက် သုံးဆပိုများလာနိုင်သည်ဟုလည်း ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံအစိုးရက ယခုနှစ်အတွင်း နိုင်ငံခြားခရီးသည်ဝင်ရောက်မှုမှ ဘတ် ၃ ဒသမ ၉ ဘီလီယံ ရရှိမည်ဟု မျှော်လင့်ထားပြီး ယင်းဝင်ငွေအတွင်းမှ တစ်စိတ်တစ်ပိုင်းကို ခရီးသွားများ ထိုင်းနိုင်ငံအတွင်း နေထိုင်စဉ် ကျန်းမာရေးနှင့် မတော်တဆမှုများ၏ အာမခံအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီး Phiphat Ratchakitprakarn က ပြောသည်။ ယခုကဲ့သို့ကောက်ခံမှုတွင် နေ့ချင်းပြန် ဝင်ရောက်သည့် ခရီးသွားများ မပါကြောင်း သိရသည်။

## ရာသီဥတုဖောက်ပြန်သဖြင့် အာဂျင်တီးနား သီးနှံပို့ကုန်ပမာဏ ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းနိုင်

**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၂၄**

အာဂျင်တီးနားနိုင်ငံ၌ မိုးခေါင်ရေရှားခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ကောက်ပဲသီးနှံများပျက်စီးကာ အထွက်နှုန်းကျဆင်းခဲ့သည့်အတွက် ပို့ကုန်တင်ပို့မှုတွင် ယခင်နှစ်ထက် လျော့နည်းလာနိုင်ကြောင်း ခန့်မှန်းကြသည်။

ယခုနှစ်တွင် ယခင်နှစ် ပို့ကုန်ပမာဏ၏ ၂၃ ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း Buenos Aires Herald က ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။ ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ရာသီဥတုဖောက်ပြန်မှုသည် မကြုံစဖူး ထူးထူးခြားခြားဖြစ်ခဲ့ရပြီး မိုးခေါင်ရေရှားမှုများအနက် နှစ်ပေါင်း ၆၀ အတွင်း အဆိုးဆုံးဖြစ်ခဲ့သည်။ နောက်ဆက်တွဲအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများကို အကြီးအကျယ် ထိခိုက်စေခဲ့ကာ သီးနှံအထွက်နှုန်း ကျဆင်းခြင်းအပြင် ငွေကြေးဖောင်းပွမှုများကြောင့် တောင်သူများ ထိခိုက်ခံစားခဲ့ရသည်။

လက်ကျန်ရာသီကာလအတွင်း မိုးရွာသွန်းမှု လိုအပ်သလောက်မရရှိပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိခိုက်မှုများလာနိုင်ပြီး အကျိုးသက်ရောက်မှုလည်း ယခုထက် ပိုဆိုးရွားလာနိုင်သေးကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

အာဂျင်တီးနားနိုင်ငံသည် ကမ္ဘာ့ပဲပိစပ်တင်ပို့မှု ထိပ်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး စပါးနှင့် ဂျုံတင်ပို့မှုတွင်လည်း ကမ္ဘာ့တတိယအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။ ယခင်နှစ်အတွင်း မိုးခေါင်ရေရှားမှု၏ နောက်ဆက်တွဲအဖြစ် လယ်ယာကဏ္ဍမှ တင်ပို့ဝင်ငွေသည် ယခုဘဏ္ဍာနှစ်တွင် ၃၃ ဒသမ ၃၉ ဘီလီယံအထိ ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းထားကြသည်။

ယခင်နှစ် စက်တင်ဘာလအတွင်း ဗျူနိုအေးရိစ် ကောက်ပဲသီးနှံဖလှယ်ရေးအစီရင်ခံစာအတွင်း ပြောင်းထွက်ရှိမှု တန်ချိန် ၄၈ သန်းနှင့် စပါးထွက်ရှိမှုတန်ချိန် သန်း ၅၀ ဟု ခန့်မှန်းထားခဲ့သော်လည်း ယခုအစီရင်ခံစာတွင်မူ ပြောင်း ၃၈ သန်းနှင့် စပါး ၄၄ ဒသမ ၅ သန်းသာ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်ကို မြင်တွေ့ရသည်။

## ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၌ ဖိလစ်ပိုင်ပါဝင်လာ

**မနီလာ ဖေဖော်ဝါရီ ၂၄**

ငွေကြေးဖောင်းပွမှုများနှင့် အပြင်းအထန်ရင်ဆိုင်နေရသည့် ဖိလစ်ပိုင်အနေဖြင့် အခြေအနေကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများနှင့် အခြားအခွင့်အရေးများစွာ ရရှိနိုင်စေရန်အတွက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် အတည်ပြုလက်မှတ် ရေးထိုးလိုက်ပြီဖြစ်သည်။

အဆိုပါ RCEP သဘောတူစာချုပ်ကို အတည်ပြုရန်အတွက် အထက်လွှတ်တော်တွင် အင်္ဂါနေ့က မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၂၀၊ ဆန့်ကျင်မဲတစ်မဲနှင့် ကြားနေမဲတစ်မဲဖြင့် စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ စာချုပ်ပါ သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပြုသည့်အခါ ကုန်ပစ္စည်းများ၏ အခွန်အကောက်နှုန်းထားကို ၉၂ ရာခိုင်နှုန်းခန့် လျှော့ချထားသည့်အတွက် ကုန်စည်များကို နိုင်ငံတွင်းသို့ ဈေးသက်သာစွာဖြင့် တင်သွင်း ဝယ်ယူနိုင်တော့မည်ဖြစ်သည်။

RCEP စာချုပ်သည် အာဆီယံ ၁၀ နိုင်ငံအပြင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ပါ ပါဝင်လက်မှတ်ရေးထိုးထားသော ကမ္ဘာ့အကြီးဆုံး လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ်ဖြစ်သည်။

## တရုတ်နှစ်သစ်ကူးကာလ ခရီးသွားပမာဏ ယမန်နှစ်ကာလတူထက် ၅၀ ရာခိုင်နှုန်း မြင့်တက်

**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်နိုင်ငံ၏ ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးကာလ ပို့ဆောင်မှုသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြီးဆုံးခဲ့သည်။ ကပ်ရောဂါကာကွယ်ထိန်းချုပ်မှု အဆင့်သစ်သို့ ဝင်ရောက်ပြီးနောက် ပထမဆုံးနှစ်သစ်ကူးကာလ ပို့ဆောင်မှုအနေဖြင့် ဒေသဖြတ်ကျော်၍ လူပုဂ္ဂိုလ်များ သွားလာမှုသည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း သိရသည်။




**ခရီးသွား ၁၅၉၅ သန်းခန့်ရှိ**

တရုတ်နှစ်သစ်ကူး ကာလ ပို့ဆောင်မှုရက် ၄၀ အတွင်း တစ်နိုင်ငံလုံးတွင် ပို့ဆောင်ပေးသည့် ခရီးသွားလူဦးရေပေါင်း ၁၅၉၅ သန်းခန့်ရှိပြီး ယမန်နှစ် ကာလတူထက် ၅၀ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်သည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

**ခင်ရတနာ စုစည်းဖော်ပြသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၂-၂၀၂၃ စနေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (တောရှုံ့သုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာ့ရှေးဟောင်း ပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာ
**၀၉:၄၀** နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လှုငယ်ရေးရာအစီအစဉ်
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါး အချစ်ချိုချို'** (အပိုင်း-၄၈)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၉)
**၁၅:၃၀** ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ (မြန်မာစာဘာသာရပ်)
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၂၀** ရသစုံစွာ ဤမြေကမ္ဘာ
**၁၇:၃၅** ပန်းတနော်မြို့ရဲ့ ဒေသထွက်သင်ဖြူးဖျာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ "ပိန်းကြာဖက်၌တင်သောရေ" (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ "တံခါးမှူးဒဗ္ဗဇာတ်တော်" (ဒုတိယပိုင်း)

**mitv**

**07:01** Evergreen Classic: An Da Yel Kin (Htar)
**07:09** Weekly Review
**07:25** Myanmar Bamboo Xylophone (or) Pattala
**07:32** Kay Tu Mar Lar "The Decision"
**07:42** Myanmar Designer Studio: Hay Thi Aung
**08:01** News
**08:28** Discovering Tribes: Taisun (Their Life and Customs) (Part-2)
**08:51** New Destination for Sea Lovers
**08:58** Quiz Time (Ep-31)
**10:01** News
**10:26** Beasts of Asia (Cambidia)
**10:47** Products of Myanmar - Pictures Decorated With Seashells And Gemstones

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဝုက်ယူစံထား ဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ပဲရင်းထောင်းနဲ့ နွားနောက်သားကြော်

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
အလုပ်ဖြာဝေရာမည်မြေ

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မျိုးဝုက်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၄)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရှင်ပြုပွဲ)

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ပျော်ရွှင်စရာနေ့ရက်လေးများ

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အနောက်တောင်အရပ်ကဟိုင်းကြီးကျွန်းဆီသို့

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၀၀** မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံ၀မ်းမဲ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ-အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** ဝါတစ်လီစိမ်းတစ်လှည့်ရယ်နဲ့ နီသွေးကြွယ်ပါတဲ့အင်းခရမ်းချဉ်
**၀၇:၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
**၀၇:၁၀** တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
**၀၉:၂၀** စလင်းမြို့မှ အာလူးခင်း
**၀၉:၅၀** ပဲ၊ နှမ်းစိုက်ပျိုးဝင်ငွေတိုး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal



# သီပေါမြို့ မဟာဘဏ္ဍာမုနိစေတီတော်ကြီး၌ စုပေါင်းရှင်ပြုရဟန်းခံပွဲ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီတော်ကြီး၌ စုပေါင်းရှင်ပြုရဟန်းခံ နားသပွဲကို ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အားအမှူးထား၍ ဒေသခံစေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပသည်။**(အပေါ်ပုံ)**

မဟာဘဏ္ဍာမုနိစေတီတော်ကြီးသည် ရှမ်းစော်ဘွားများ အစဉ်အဆက် ကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီတော်ကြီးဖြစ်ပြီး ယခုအခါ လေဒဏ်မိုးဒဏ်များကြောင့် ပျက်စီးယိုယွင်းလျက်ရှိသဖြင့် မြို့နယ်သံဃနာယကအဖွဲ့ထံမှ ဩဝါဒခံယူလျက် ဘဏ္ဍာဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်က ဦးဆောင်ပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ပြီးစီး

**စစ်တွေ ဖေဖော်ဝါရီ ၂၄**

စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်ပုန်းတန်းကျေးရွာအုပ်စု ပျားလည်ချောင်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးသည်။**(အောက်ပုံ)**

စီမံကိန်းအတိုးရငွေ ကျပ် ၉ ဒသမ ၄၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၅၅၀၀၀၀ တို့ဖြင့် အရှည် ၂၂၅ ပေ၊ အကျယ် ၁၃ ဒသမ ၅ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောဝေ၊ မြို့နယ်ဦးစီးဌာနမှူး ဦးညီညီနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

**အောင်လှဖြူ**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၂ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၅၄၈၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၅၁၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၆ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၂၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၀၅ ကျပ် | ၂၂၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၇၅ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၅ ကျပ် | ၂၁၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၂၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၁ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၂၇၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၃၀၀ | ၁၀၄၂ | ၈၇၀၈၁၀၀ |
| MTSH | ၃၁၀၀ | ၃၀၅၀ | ၆၁ | ၁၈၆၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅၂၀ | ၈၈၄၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၀ | ၁၃၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၉၀ | ၄၄၁၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## တောင်ကုတ်တက္ကသိုလ်တွင် ကာယဗလမောင်၊ လှယဉ်ကျေးမယ် ရွေးချယ်ပွဲကျင်းပ

**တောင်ကုတ် ဖေဖော်ဝါရီ ၂၄**

တောင်ကုတ် တက္ကသိုလ် အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူး၍ ကာယဗလ၊ ကာယအလှဆပ်ကော်မတီနှင့် အနုပညာအသင်းတို့ ပူးပေါင်းတင်ဆက်သော ကာယဗလမောင်၊ လှယဉ်ကျေးမယ် ရွေးချယ်ပွဲနှင့် အတူတက္ကသိုလ်ရန့်တေးသီပွဲကို တက္ကသိုလ်၏ ဘက်စုံသုံးခန်းမတွင် ဖေဖော်ဝါရီ ၂၃ရက်ကကျင်းပသည်။ ကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆုကို တတိယနှစ်သမိုင်း ကျောင်းသား မောင်မင်းခန့်ကျော်နှင့် တက္ကသိုလ်၏ လှယဉ်ကျေးမယ်အဖြစ် အင်္ဂလိပ်စာ ပထမနှစ် ကျောင်းသူ မစမ်းသီရိအောင်က ရရှိသည်။ ဘာသာရပ်ဌာန အသီးသီးက ကျောင်းသား ကျောင်းသူများက တက္ကသိုလ်ရန့်သင်းသည့် တေးသီချင်း ၂၃ ပုဒ်အား သီဆိုဖျော်ဖြေခဲ့ပါသည်။ ပြိုင်ပွဲအပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်များနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁) အပြီးတွင် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက သုံးမှတ်စီ၊ ရှေဝတီ၊ ဒဂုံစတား၊ ဟံသာဝတီ၊ မြဝတီ၊ ကချင်ယူနိုက်တက်၊ မဟာယူနိုက်တက်၊ ရခိုင်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က တစ်မှတ်စီ ရရှိထားကာ အား/ကာသီပွဲအသင်းနှင့် GFA အသင်းတို့မှာ တစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ကစားပုံမာကျောသည့် ဟံသာဝတီအသင်းနှင့် ကစားရမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ လူစာရင်းမှာ ဟံသာဝတီအသင်းထက် သာလွန်သလို နိုင်ငံခြားသား ကစားသမား သုံးဦးလည်း ပါဝင်နေသည်။ သို့သော် ဟံသာဝတီအသင်းသည် အသင်းကြီးများနှင့် တွေ့ဆုံပါက ပိုပြီးအားထုတ်ကစားလေ့ရှိသလို လူငယ်နာမည်ကျော် နည်းပြ ဦးမျိုးမင်းထွန်း ကိုင်တွယ်နေသဖြင့် ရှမ်းယူနိုက်တက်အတွက် ခက်ခဲသည့်ပြိုင်ဘက် ဖြစ်လာနိုင်သည်။ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ကစားအားကောင်းသည့် မြဝတီအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ရန် အမှားခံ၍မရပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-YUFC**

◆ *ကျောဖုံးမှ*

နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ဦးဆောင်ဂိုးကို ဧည့်သည် ဘာစီလိုနာအသင်းက ပွဲချိန် ၁၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် လီဝမ်ဒေါစကီးက သွင်းယူနိုင်ခဲ့သည်။ အန်တိုနီဝင်ရောက်လာပြီးနောက် ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူနိုင်သည်အထိ ပွဲအလှည့်အပြောင်း ဖြစ်ခဲ့သည်။ မန်ယူအတွက် ချေပဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ဖရက်နှင့် အနိုင်ဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် အန်တိုနီတို့က သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ ယူရိုပါလိဂ်တွင် လူစားဝင်ကစားသမားများက သွင်းဂိုးခြောက်ဂိုးအထိ ရယူထားနိုင်ပြီး အခြားသော အသင်းများထက် သာလွန်မှတ်တမ်း ပိုင်ဆိုင်ခဲ့သည်။

**မိုးစက်**

## ယူအီးအက်ဖ်အေယူရိုပါလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်များ မဲခွဲရွေးချယ် မန်ယူနှင့် ဘက်တစ်၊ အာဆင်နယ်နှင့် လစ္စဘွန်းအသင်းတို့ ဆုံတွေ့နေ

ယူအီးအက်ဖ်အေယူရိုပါလိဂ် ၃၂ သင်းအဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် ၁၆ သင်းအဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်က ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲခွဲရွေးချယ်ခဲ့ရာ စပိန်နာမည်ကြီး ဘာစီလိုနာအသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော တန်ဟတ်၏ မန်ယူအသင်းက စပိန်ကလပ် ရီးရဲဘက်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အာတီတာ၏ အာဆင်နယ်အသင်းက ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းနှင့် ရင်ဆိုင်ကစားသွားရမည် ဖြစ်သည်။ အခြားသော ပွဲစဉ်တွေ့ဆုံမှုများအဖြစ် ဂျာမန်ကလပ် ယူနီယံဘာလင်က ဘယ်လ်ဂျီယံကလပ် ယူနီယံ စိန့်ဂီလ်လော့ဆီ၊ စပိန်ကလပ် ဆီဗီလာက တူကီယဲကလပ် ဖီနာဘာချီ၊ အီတလီကလပ် ဂျူဗင်တပ်က ဂျာမန်ကလပ် ဖရိုင်းဘတ်နှင့် တွေ့ဆုံနေသည်။ ထို့အပြင် ဂျာမန်ကလပ် လေဗာကူဆင်က ဟန်ဂေရီကလပ် ဖာရင်ဗားရို့စ်၊ အီတလီကလပ် ရိုးမားက စပိန်ကလပ် ဆိုစီဒက်၊ ယူကရိန်းကလပ် ရှက်တာဒိုးနက်က နယ်သာလန်ကလပ် ဖီယင်နုအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကို လာမည့် မတ် ၉ ရက်၊ ၁၆ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

တစ်ဆက်တည်းတွင် ယူအီးအက်ဖ်အေကွန်ဖရင့်လိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကိုလည်း မဲခွဲထုတ်ပြန်လိုက်ရာ ဝက်စ်ဟမ်းက လာနာကာ၊ ဖီအိုရင်တီးနားက ဆီဗာပေါ၊ လာဇီယိုက အယ်ခမာ၊ ဘေဆယ်က ဆလိုဗန်၊ ရှီးရစ်ဖ်က နိုက်စ်၊ အန်ဒါလက်ချ်က ဗီလာရီးရဲ၊ ပို့ဇန်က ဒီဂျာဂါးဒန်း၊ ဂျန့်က အစ္စတန်ဘူလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

## ဂွတ်ခ်ဒီဆင်ပတ်ခ်၌ စာချုပ်သစ်ချုပ်ရန် ပစ်ဖို့ဒ် သဘောတူ

အင်္ဂလန်ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်သည် အဲဗာတန်အသင်းနှင့် စာချုပ်သစ်ချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။ ဂွတ်ခ်ဒီဆင်ပတ်ခ်မှ ထွက်ခွာရန် ချိတ်ဆက်မှုများ ရှိခဲ့သည့် အသက် ၂၈ နှစ်အရွယ် ပစ်ဖို့ဒ်သည် ယခုသီတင်းပတ်တွင် အဲဗာတန်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိကြောင်း သိရသည်။

ပစ်ဖို့ဒ်သည် ၂၀၁၇ ခုနှစ်တွင် ဆန်းဒါးလန်းအသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်ပြီး နောက်ဆုံးကမ္ဘာ့ဖလား နှစ်ကြိမ်တွင် အင်္ဂလန်အသင်း၏ နံပါတ်တစ်ဂိုးသမား ဖြစ်ခဲ့သည်။

ပစ်ဖို့ဒ်သည် လူငယ်ကစားသမားဘဝကို ဆန်းဒါးလန်းအသင်းတွင် စတင်ခဲ့ပြီး အသင်းကြီးနှင့် ၎င်း၏ ပွဲဦးထွက်ကို ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည်။

သို့သော်လည်း ၎င်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ဆန်းဒါးလန်းအသင်း၏ နံပါတ်တစ် ဂိုးသမားအဖြစ် ရွေးချယ်မခံရမီအထိ ဒါလင်တန်၊ အယ်ဖရက်တန်တောင်း၊ ဘာတန်၊ ကာလီဆယ်၊ ဘရက်ဖို့ဒ်နှင့် ပရက်စ်တန်အသင်းတို့သို့ အငှားထွက် ကစားခဲ့ရသူဖြစ်သည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ်(၁)၊ ဦးပိုင်အမှတ်(၇၂+၈၃)၊ ၅၃x၅၄ လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အိအိထွေး ၉/အမဇ (နိုင်)၀၀၆၅၁၄ က ဂရန်မြေကွက်အား သက်တမ်းတိုးလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် မြေပုံ၊ မြေရာဇဝင်နှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်" ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဆင်မ်ဆာ့ကွက်သစ်၊ ကွင်း/အကွက်နှင့်အမည်(OSS/ ဆင်မ်ဆာ့ကွက်သစ်) ဦးပိုင်အမှတ်(၂၁၃)၊မြေကွက်အမှတ် (၇၆၀၊ ၇၈၂၊ ၇၈၃)၊ မြေဧရိယာ ၀ ဒသမ ၃၃၀ ဧက ရှိမြေကွက်၌ ဒေါ်နုနုရီ ၁/မညန(နိုင်)၀၇၀၆၂၁ မှ "NNY-3" အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန် အသစ်ရရှိရေးလျှောက်ထားမှုနှင့်ပတ်သက်၍ အဆိုပါ မြေကွက်သည် လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်ကတည်းက တောရိုင်းများခုတ်ထွင်ရှင်းလင်း၍ ခြံခတ်ရယူခဲ့သည်မှာ ယနေ့အချိန်အထိ တစ်ဆက်တစ်စပ်တည်းလက်ဝယ်ထားရှိခဲ့ရာ (၁၆)နှစ်ကျော်ပြီ ဖြစ်သည့်တိုင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှပေးကမ်းထားခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်းနှင့် ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ အရှုပ်အရှင်း ဖြစ်ခြင်းများမရှိပါ။ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိဆဲဖြစ်ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှပေးကမ်းထားခြင်း၊ ရောင်းချထားခြင်း၊ လှူဒါန်းစွန့်လွှတ်ခြင်းမျိုးလုံးဝမရှိပါကြောင်းတို့နှင့်ပတ်သက်၍ မြို့နယ်တရားရုံး၏ ၇-၁၀-၂၀၂၂ ရက် ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်စဉ် (၆၂/၂၀၂၂) ပူးတွဲလျက် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)သို့ စာချုပ်စာတမ်း မှတ်ပုံတင်ဆောင်ရွက်ပြီးခြင်းအဖြစ် ပြုဆိုတင်ပြလျက် စက်မှုစီးပွားမြေငှားဂရန်အသစ် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စက်မှုစီးပွားမြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**တနိုင်းမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်မှတ်-၁၂၉၅၊ မြေအကျယ်ပေ(၄၀x၆၀)ရှိ ဦးချစ်ခင်အမည်ဖြင့်ချထားပေးသော မြေချပါမစ်မြေအမျိုးအစား မြေကွက်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဦးနီလာထွန်း ၉/ပမန(နိုင်)၁၂၂၂၈၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်တော်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်တော့်ထံ လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှိုင်ဘွား(LL.B)** | **ဒေါ်မေသီဂီလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၁၃၀** | **စဉ်-၁၅၇၃၄** |
| **ဖုန်း-၀၉-၈၉၂၇၅၅၀၁၂** | **ဖုန်း-၀၉-၇၉၆၈၃၄၇၃၄** |

**အမှတ်၄၇၅၊ပထမထပ်(ယာ)၊သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၂၆)၊ မြတ်လေးလမ်း၊ (၄၉x၅၀)ကြားရှိ ဒေါ်အေးခမ်း အမည်ပေါက်တောဂရန်မြေကွက်အား (ဖခင်) ဦးအိုက်ရီ၊ (မိခင်) ဒေါ်အေးခမ်းတို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ်(၃၆/၂၀၀၉) ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ (သမီး) ဒေါ်နန်းအေးအေးမြ ၁၃/လရန(နိုင်)၀၆၂၇၁၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၆၃၈/၂၀၂၂) ဖြင့်လွှဲအပ်ခြင်းခံရသူ ဦးလီဝေတင် ၁၃/ဟပတ(နိုင်)၀၀၁၆၄၄ က မြေကွက်၏ မြေချထားမိန့်မူရင်း (စလစ်)မူရင်း၊ လမ်းဖိုး၊ မြေဖိုး၊ ငွေသွင်းပြေစာမူရင်း၊ အကြောင်းကြားစာမူရင်းတို့မှာ အသိမ်းလွှန်၍ ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တောဂရန်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/ 45276 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် (ခ)ဝင်းအောင် ၉/မရမ(နိုင်)၀၆၅၄၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/ 57198 Kamax 110 M/C ယာဉ်လက်ဝယ်ရှိသူ Kamax Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/2998 DAIHATSU HIJET S331 V DELIVERY VAN (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝင်းအောင် ၉/ပသက(နိုင်) ၀၉၂၃၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/2983 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဖြူအောင် ၈/ဆပဝ(နိုင်)၁၀၉၀၂၅၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၁၈၇၅၅၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၇၇၃၉၀ Honda Scoopy 110 ယာဉ် လက်ဝယ် ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၃၃၇၃၃ QJiang-110 ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/38041 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/61688 Yamasuki 110, M/C ယာဉ်လက်ဝယ်ရှိသူ San Myat Zaw Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/1796 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံ**

## အများပြည်သူသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်သမဝါယမ အသင်းစုလီမိတက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်နေ Future Golden Wing ကုမ္ပဏီမှ ဦးစည်သူ ၁၂/လရန(နိုင်)၁၈၄၂၀၇ နှင့် ပုဇွန်တောင်မြို့နယ်နေ ဦးငြိမ်းစည်သူ ၁၂/ဗတထ(နိုင်)၁၈၄၂၀၇ တို့သည် မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ပြည်-အောင်လံလမ်းပေါ်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် မြေပေါ်တွင်(၁၃၀ပေ.၂၀ပေ)ဆိုင်ခန်း(၁၃)ခန်းတွဲ(၁)လုံး၊ (၈၀ပေ.၂၀ပေ)ဆိုင်ခန်း(၈)ခန်းတွဲ(၁)လုံး၊(၁၂၀ပေ.၁၅ပေ) တည်းခိုခန်း(၁၂)ခန်းတွဲ (၁)လုံး၊ (၂၅ပေ.၂၀ပေ) အိပ်ခန်း(၂)ခန်း၊ (ရေချိုးခန်းအိမ်သာပါ)၊ ဘန်ဂလို(၄)လုံး၊ (၁၅ပေ.၂၀ပေ) ရုံးခန်း (၁)ခန်း၊ (၂)ခန်းတွဲ အိမ်သာ(၄)လုံး၊ (၂)ခန်းတွဲ ရေချိုးခန်း (၁)ခန်း၊ ရေစင်(၂)လုံး၊ ရေကန်(၂)လုံး၊Serviceကန်(၃)လုံး၊ အုတ်တံတိုင်း ပေ၁၄၀ကာရံခြင်း၊ အလယ်ခြံစည်းရိုး အုတ်တံတိုင်း ၈၁၅ပေ ကာရံခြင်း၊ ပေ၂၀ အကျယ် ကွန်ကရစ်လမ်းဖောက်ခြင်း၊Landscape Area ပြုလုပ်ခြင်း၊ Steel Structure အဆောက်အအုံအားလုံးအား ဆောင်ရွက်ပေးရမည့်အပြင် ငွေကျပ်သိန်း(၁၀၀) ပေးရမည်ဟု (၁၁-၁၀-၂၀၁၈) ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းစတင်သည့်ရက်မှ (၆)လပြည့်မြောက် သည့်ရက်တွင် အပြီးသတ် ဆောက်လုပ်ပေးမည်ဟုဆိုသော်လည်း ယနေ့အထိ ပြီးပြတ်ခြင်းမရှိပါ။ ၅-၂-၂၀၂၃ရက်တွင် အကျိုးတူလုပ်ငန်းမှ တာဝန်ခံ ဦးနေလင်းအောင်နှင့် ထပ်မံချုပ်ဆိုသောစာချုပ်အရ ကျန်ရှိလုပ်ငန်းများအား ၂၀-၂-၂၀၂၃ရက်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းအပ်နှံခြင်းမရှိပါက စာချုပ်ပါ စည်းကမ်းချက်အတိုင်း လုပ်ငန်းအပ်နှံသူ၏ အလွှဲအပြောင်းစာချုပ်အား ဖျက်သိမ်းမည်ဟု သဘောတူစာချုပ်ထပ်မံချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ စာချုပ်(၂)ကြိမ် ချုပ်ဆိုခဲ့သည့်အတိုင်း လုပ်ငန်းပြီးမြောက်ခြင်းမရှိသည့်အတွက် မြို့နယ်သမဝါယမအသင်းစုမှ ပြန်လည်ပေးရမည့် ပြည်လမ်းဘက်ရှိ အရှေ့စာမျက်နှာပေ(၁၈၀)၊ မြောက်ဘက်ပေ(၄၈၅)၊အနောက်ဘက်(၂၁၈)ပေ၊မြသိန်းတန်ဘုရားလမ်းဘက်ပေ(၂၇၀) မြေအား မြေလွှဲပြောင်းခြင်းကိစ္စရပ်များ ဖျက်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မြို့နယ်သမဝါယမအသင်းစုလီမိတက်**
**အောင်လံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရီယာ ဝ ဒသမ ၁၅၂ ဧက၊ မြေကွက်အမှတ်(ဥ-၆၀၇၈)၊ ဒေါ်ဇာနီဝင်း ၁၂/ပဇတ(နိုင်)၀၀၉၂၃၂ (ဘ) ဦးတင်ထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကိုဦးမင်းကိုကို၁၂/မဂတ(နိုင်)၀၇၂၉၂၆(ဘ) ဦးအောင်မြိုင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၈၃၉/၂၀၂၂ (၂၁-၁၂-၂၀၂၂)တင်ပြ၍ ဒေါ်သန္တာရွှေ ၁၄/အမန(နိုင်)၀၉၂၆၁၆ (ဘ) ဦးလှမြိုင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မင်္ဂလာ(၉)လမ်း၊ အမှတ်(၁/၁၈)နေဦးမင်းမင်းမောင် (ဘ)ဦးမောင်မောင် ၉/ပမန (နိုင်)၁၃၁၅၇၁ မြန်မာ/အစ္စလာမ်(ရွှေဒင်္ဂါးမှန်အမျိုးမျိုး၊ အလူမီနီယံ၊ စတီးလိပ်တံခါး၊ ပလာစတာကောနစ် ရောင်းဝယ် တပ်ဆင်ရေးလုပ်ငန်း) လုပ်ကိုင်သူ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်သည်။

နေပြည်တော်၊ ပျဉ်းမနားမြို့ ၊ရန်အောင်(၂)ရပ်ကွက်၊ ဂုဏ်တန်(မြောက်)၊ ဦးပိုင်အမှတ်(၄၉/က)၊ မြေကွက်အမှတ်(၂၃)၊ ဧရိယာ ဝ ဒသမ ၀၉၀ ဧကရှိ အရှေ့ဘက် ဒေါ်သွယ်၏သမီးဒေါ်စောကြွယ်၊ အနောက်ဘက် ဦးမင်းဆင်၊ တောင်ဘက် ဘူတာရုံလမ်း ၊ မြောက်ဘက် ဒေါ်စကီ(ဂျမီလာ၊ဒဟီမာတို့၏ အုပ်ထိန်းသူ)အတွင်းရှိဝိုင်းခြံမြေကွက်အား ဦးယူနွတ်နှင့် ညီမဒေါ်ခင်စန်းတင့်တို့ နှစ်ဦးက ဦးမြမောင်-ဒေါ်မူမူခင်တို့ထံမှ တရားဝင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ ဦးယူနွတ်မှာကွယ်လွန်သွားပြီဖြစ်၍ ဇနီးဒေါ်မယ်ဒရန် ကျန်ရစ်သဖြင့် ဒေါ်ခင်စန်းတင့်နှင့်ဒေါ်မယ်ဒရန်တို့ညှိနှိုင်း သဘောတူညီချက်အရ ဒေါ်ခင်စန်းတင့်မှဝိုင်းခြံမြေ၏အနောက်ဘက်မြေအစိတ်အပိုင်းကို လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။အထက်ပါမြေကွက်၏အနောက်ဘက်ပိုင်းမြေအစိတ်အပိုင်းဖြစ်သော အရှေ့ဘက်-ဒေါ်မယ်ဒရန်၊ အနောက်ဘက်-ဒေါ်သေးဇလီပိုင်မြေ၊ တောင်ဘက်-ဘူတာရုံလမ်း၊ မြောက်ဘက်-ဒေါ်စကီ၊ဒေါ်အေးမြ၊ ဒေါ်သိန်းကြွေတို့အတွင်းရှိ မြေကွက်အကျယ်ရှေ့မျက်နှာစာ အရှေ့မှအနောက်(၂၆.၅ပေ)တောင်/မြောက်(၈၅ပေ)၊ အနောက်ဘက်စည်းရိုးအရှေ့မှအနောက်(၂၅)ပေရှိ မြေကွက်ကို ဒေါ်ခင်စန်းတင့်က ၃-၁-၂၀၂၃ရက် တွင် သေတမ်းစာရေးသား၍ ဦးမင်းမင်းမောင်အား အပြီးအပိုင်ပေးအပ်ခဲ့ပါသည်။ ဒေါ်ခင်စန်းတင့်မှာ ၂၂-၁ -၂၀၂၃ရက်က ကွယ်လွန်သွားပြီဖြစ်၍ဒေါ်ခင်စန်းတင့်တစ်ဦးတည်းပိုင် ဝိုင်းခြံမြေကို သေတမ်းစာဖြင့် အပိုင်ပေးအပ်ခဲ့၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းမင်းမောင်တစ်ဦးတည်း လက်ရောက်ရရှိပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **လွှဲအပ်ချက်အရ-**

**ဦးစံထွန်းကြူ (စဉ်-၆၅၁၁)၊ ဒေါ်ခင်မာဌေး(စဉ်-၁၃၁၈၆)၊**
**ဒေါ်မြင့်မြင့်စော(စဉ်-၁၄၀၂၈)၊ ဒေါ်တင့်တင့်ဝင်း(စဉ်-၁၃၂၀၈)၊**
**ဒေါ်ဂျူးဂျူးစံ(စဉ်-၁၃၉၈၉)**
**တရားလွှတ်တော်ရှေ့နေများ**
**၃/၆၅၊ ဦးရန်ကျော်လမ်း၊ ရွှေချီအုပ်စု၊ ချမ်းအေးရပ်၊ပျဉ်းမနားမြို့**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ (၄)လမ်းနေ ဦးမင်းဦး ၉/ပမန(နိုင်)၁၂၃၈၃၇၊ ဒေါ်ဌေးဌေးမာ ၉/ပမန(နိုင်)၁၂၃၈၃၈ တို့၏သမီး မပြည့်ပြည့်ဖြိုးဦး ၉/ပမန(နိုင်)၂၁၅၀၃၂ သည် မိခင်ဖခင်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ - ဦးမင်းဦး-ဒေါ်ဌေးဌေးမာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅၊ မြေကွက်အမှတ် ၂၇၈ ၊ မြေကွက်တည်နေရာအမှတ် ၂၇၈၊ ဦးဘချိုလမ်း၊ ၃၅ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးညွန့်လွင် စီဂျီ -030366)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးညွန့်လွင်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်-၉၅၁၁/၂၀၂၂ (၃၀-၁၂-၂၀၂၂)ဖြင့် မြေကွက်အမှတ် ၂၇၈၊ ဧရိယာ ဝ ဒသမ ၀၅၅ဧက ၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ၂၄၀၀စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း)၊ မြေကွက်အမှတ် (၂၇၇)နှင့် ကပ်လျက်ဘက်အခြမ်းရှိ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်အားဝယ်ယူသူ ဦးမြတ်အောင် ၁၂/သဃက(နိုင်)၀၆၁၇၈၀၀မှ နှစ်(၆၀)မြေငှားစာချုပ်ဂရန်၊ အရောင်းအဝယ်စာချုပ်အမှတ်(၉၅၁၁/၂၀၂၂)တို့တင်ပြ၍ မြေကွက်ခွဲရန် မြေပုံကူးနှင့် မြေတိုင်းတာရန်မြေပုံကူးလျှောက်ထားလာရာတွင် ဦးမြတ်အောင်မှ ၎င်းဝယ်ယူပိုင်ဆိုင်ထားသော အပိုင်းကိုသာ တစ်ဖက်သတ် မြေကွက်ခွဲစိတ် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားမည်ဖြစ်ကြောင်း ၁၉-၁-၂၀၂၃ရက်စွဲပါ စာဖြင့် တင်ပြလာပါသဖြင့် တစ်ဖက်သတ်မြေကွက်ခွဲရန် မြေပုံနှင့် မြေတိုင်း မြေပုံလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ငွေစင်လမ်း၊ မြေကွက်အမှတ်(၈၆၁)၊ မြေပေအကျယ်ပေ (၄၀x ၆၀)၊ ဧရိယာ ဝ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးဟိန်းထက်ကျော် ၁၂/အလန(နိုင်)၀၄၇၆၁၃က ထိုမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဲကွန်း(၅)လုံး ပါဝင်သော RC(၂)ထပ်လုံးချင်းနေအိမ်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်လွင် ၇/ပတန(နိုင်)၀၁၆၃၂၇က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် "အလင်္ကာ" Law Firm**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊အမှတ်(၂၅)၊ ပထမထပ်၊ အကျယ်အဝန်း(ပေ၂၀x၄၈ပေ) ရှိသော တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ(၁)လုံး၊ မြင်းကောင်ရေ (ငါးမူး)အားရှိ ရေစုပ်စက်မော်တာ(၁)လုံးအပါအဝင်ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-M)၊ မြေကွက်အမှတ်III-၁၀၊ အကျယ်အဝန်း အလျား ၂၃ ဒသမ ၆ ပေ၊အနံပေ ၅၀၊ဧရိယာ ဝ ဒသမ ၀၂၇ဧက၊ ၁၁၇၅ စတုရန်းပေကျယ်ဝန်းသော နှစ်(၆၀) မြေငှားစာချုပ်အမျိုးအစားဂရန်မြေပိုင်ဆိုင်မှုတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူဒေါ်ဟန်ရီ (ဘ)ဦးစိန်ထွန်း ၁၂/အလန(နိုင်)၀၁၃၅၉၀ ထံမှ တရားဝင် ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းများနှင့်တကွကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၀၆၄/၂၀၁၃)**
**ကွန်ဒို(ဘီ)၊အခန်း(၃၀၁)၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

စဉ့်ကူးမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးညွန့်အောင်၏ သမီး မသန္တာအောင် (ခ)ချယ်ချယ်သည် ဦးမောင်အေး၏ သား ကိုသက်နိုင်ထွန်း ၉/စကန(နိုင်) ၀၅၈၇၂၅နှင့် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး ခင်ပွန်းဖြစ်သူ ကိုသက်နိုင်ထွန်းသည် ခင်ပွန်းဝတ္တရား ပျက်ကွက်ခဲ့ပြီး မိသားစုအပေါ်တွင်လည်း တာဝန်ယူမှုမရှိတော့သဖြင့် ဇနီးဖြစ်သူမှ ကိုသက်နိုင်ထွန်းအား ဆက်လက် ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါကြောင်း ဆန္ဒထုတ်ဖော်လျက် ဤကြေညာသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မသန္တာအောင်**
**၉/စကန(နိုင်) ၀၀၀၇၆၂**

## အမည်မှန်

မြောက်ဦးမြို့နယ်၊ ညောင်ပင်လှ၊ အထကကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် နဝမတန်းအောင်မြင်ခဲ့သော(ဘ) ဦးမောင်သာဒိုး၏သမီး မပန်းချို၏ အမည်မှန်မှာ မဝါလှဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ညေဝတီ(ခ) ရပ်ကွက်နေ (ဘ) ဦးလှကျော်ဝင်း ၁၁/ရသတ(နိုင်) ၀၆၄၃၀၈၏သား မောင်ကောင်းမြတ်ကျော်အား မောင်ကောင်းစည်သူဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းစည်သူ**

## မီးသတိပြု

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ကျိုင်းတုံခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

| | | |
|---|---|---|
| ဒေါ်နန်းရှဲန်ရုံး | နှင့် | ၁။ ဒေါ်ဘူးဂါ<br>၂။ လုံးရှဲန် |
| **တရားလို** | | **တရားပြိုင်များ** |

အိမ်အမှတ်(၄)၊ ဝတ်အင်းလမ်း၊ ရပ်ကွက်(၄)၊ နမ့်မော်အွဲ့ရပ်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ)နေ လုံးရှဲန် (၂-တရားပြိုင်) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နန်းရှဲန်ရုံးက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မတ် ၂၉ ရက် (၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရှိန်မြင့်)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ဝမ်းတွင်းမြို့နယ်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆

| | | |
|---|---|---|
| မနဒီလှိုင်း | နှင့် | ကိုမင်းခန့်သော် |
| **တရားလို** | | **တရားပြိုင်** |

ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်ကွက်နေ တရားပြိုင် ကိုမင်းခန့်သော် (ဘ) ဦးမိုးဇော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားနှစ်ဦးကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ် ၁၇ရက် (၁၃၈၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျုံးထောင်းလျှန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဝမ်းတွင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂

| | | |
|---|---|---|
| ၁။ ဦးကျော်ကျော်လွင်(ခ)ကျော်ကျော်<br>၂။ SUNITA (ခ) ဒေါ်သီတာထွန်း | နှင့် | ဦးသာနု |
| **တရားလိုများ** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်အပိုင်း (၁၀)၊ ထွန်တုံးရပ်ကွက်နေ (ဘ)ဦးကျော်မြ၏ သားဖြစ်သူ ဦးသာနု AKB-၁၇၇၀၀၄ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်ကျော်လွင်(ခ)ကျော်ကျော်ပါ ၂ဦး က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဇဇ-၃၂) ၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ ဝ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးသာနု အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ် မတ် ၇ရက် (၁၃၈၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ရဟန်း၊ သိမ်၊ ကျောင်း၊ဇရပ် ဒါယိကာမကြီး
## ဒေါ်ရီရီ
### (တံတားမြို့နယ်၊ သန်လျင်မြို့နယ်)
### အသက်(၉၀) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ပဲခူးစုရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် ၈/၄၀နေ (ဦးမြတ်စံ-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးခင်လှ)၏ဇနီး၊ (ဦးစိန်ဝင်း-ဒေါ်သန်းဆွေ)၊(ဦးရဲမြင့်)-ဒေါ်တင်ဦးတို့၏အစ်မ၊ ဦးကျော်မိုး-ဒေါ်ဝင်းပပနု၊ ဦးဇော်မိုး-ဒေါ်သန်းသန်းရွှေ၊ ဦးတင်မိုး-ဒေါ်သန္တာမျိုး၊ ဦးငွေမိုး (အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း) - ဒေါ်လဲ့လဲ့စန်း တို့၏မိခင် မောင်သူရိန်ထွဋ်၊ မယွန်းမြတ်ကေသွယ်၊ မောင်မင်းခန့်ကျော်၊ မအေးချမ်းဖြိုး၊ မယွန်းပွင့်ဖြူမိုး၊ မမိုးပွင့်ဖြူစင်တို့၏ အဘွားဖြစ်သူသည် ၂၄-၂-၂၀၂၃ ရက် (သောကြာနေ့) နံနက် ၆:၀၅ နာရီတွင် သန်လျင်မြို့၊ ချမ်းမြေမေတ္တာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၃ရက်မွန်းလွဲ ၁ နာရီတွင် အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၂၃ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအော်စကာ
**CDC-21628**

**CHIEF OFFICER (MAERSK A/S)**

**MASTER MARINER (F.G)**

**B.Sc PHYSICS (1986), M.Sc (Q-II)**

### အသက် (၅၉)နှစ်

ရန်ကုန်မြို့၊ ကျွန်းတောတောင်ရပ်ကွက်၊ အမှတ် (၂၁)၊ ဟသ်ာတလမ်းနေ ဒေါက်တာ ဦးသည်းမွန်-(ဒေါ်ခင်စောနွယ်)တို့၏သား၊ ဦးသက်ဇော်ဦး၏ညီ၊ ဦးမင်းမင်း၊ (ဦးဝင်းမော်)၊ ဦးဇာနည်ဟိန်းဇော်တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဦးလေး၊ မြေး နှစ်ယောက်၏အဘိုး၊ မောင်လွင်ဦးမွန် DISY (Y-1) & GWIS (KG) ၏ ချစ်လှစွာသောဖခင် ဦးအော်စကာသည် ၂၃-၂-၂၀၂၃ရက် ည ၈နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၀၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8012၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၅ ဧကရှိ ဒေါ်နော်တောက်တေး ၁၂/မရက(နိုင်)၀၅၀၈၄၈၊ (ဘ)ဦးစောမောင်သန်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၃၄၃) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၁၂၃၁/၂၀၁၆ (၁၃-၁၀-၂၀၁၆)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇင်မာထွေး ၇/ညလပ(နိုင်)၁၁၁၂၃၆ (ဘ)ဦးစိုးမြင့်မှ ဒေါ်စန်းယုလှိုင် ၈/မဘန(နိုင်)၀၀၅၉၂၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၉(က)၊မြေကွက်အမှတ် ၃၁၂(က)၊ ၂၁ပေx၆၀ပေ အကျယ်ရှိ ဒေါ်မြမြဝင်း အမည်ပေါက်လျက်ရှိသော (နှစ် ၆၀ မြေငှားဂရန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မူလအမည် ဒေါ်မြမြဝင်း ၁၂/ပဇတ(နိုင်)၀၁၆၂၀၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝါဝါညွန့် ၁၂/တမန(နိုင်)၀၀၇၉၁၉ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယခုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါညွန့်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်သီတာလဲ့လဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၀၅၈/၂၉-၇-၂၀၁၄)** | **စဉ်(၁၄၃၃၄/၂၇-၄-၂၀၁၈)** |

**တိုက် ၉/၁၁၊ အခန်း ၀၀၅/B၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၄၀၈၁၅၈၅၊၀၉-၄၂၀၂၆၄၉၆၇၊၀၉-၂၅၄၃၀၉၄၉၇၊**
**၀၉-၇၈၂၇၅၂၈၈၄**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ရီရီ (သန်လျင်)
### အသက် (၉၀) နှစ်

သန်လျင်မြို့နေ ဦးငွေမိုး-ဒေါ်လဲ့လဲ့စမ်း(ရွှေနဂါးကုန်မျိုးစုံ ရောင်းဝယ်ရေး)တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး၊ (ဦးခင်လှ) ၏ ဇနီးဖြစ်သူ ဒေါ်ရီရီသည် ၂၄-၂-၂၀၂၃ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမိုးနီသုသာန် ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်**
**ဝန်ထမ်းမိသားစုများ၊ သန်လျင်မြို့နယ်**

## ဦးလှသန်း
### မြို့နယ်မန်နေဂျာ(ငြိမ်း)
### စိုက်ပျိုးရေးဦးစီးဌာန
### အသက် (၆၅)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်နုနု (အလယ်တန်းပြ-ငြိမ်း)၏ခင်ပွန်း၊ ဦးထူးညီညီအောင် - ဒေါ်ရွှေရည်ဦး၊ ဦးထွန်းမင်းအောင်-ဒေါ်ရွှေရည်ဖူး၊ ဒေါ်မေမြတ်နိုးအောင်တို့၏ဖခင်သည် ၂၃-၂-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/72349, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းထွန်း ၇/တငန(နိုင်)၂၀၈၈၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/66593 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင် ၇/ဖမန(နိုင်)၀၁၉၃၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## အများသိစေရန်ကြော်ငြာခြင်း

ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၂၃/၃)၊ မြေချိန်ဧရိယာ ၀.၁၁၁ ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် ၂/၁၇၊ RC(၂)ထပ်နေအိမ်မှာ ဖခင် ဦးလှအောင်(ကွယ်လွန်)၊ မိခင် ဒေါ်အေးပွင့်(ကွယ်လွန်)တို့မှ ပိုင်ဆိုင်သည့် အိမ်မြေဖြစ်ပြီး မိဘနှစ်ပါး ကွယ်လွန်ပြီးနောက် သမီးများဖြစ်သည့် နန်းတင်တင်မြင့် ၃/ဘအန(နိုင်) ၂၀၂၁၄၂ နှင့် မအေးအေးမြင့် ၃/ဘအန(နိုင်)၂၁၉၂၃၃ ကိုင်ဆောင်သူ ကျွန်ုပ်မိတ်ဆွေတို့ကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းအရ အမွေခံစားခွင့်ရှိသူများဖြစ်ပြီး ဖော်ပြပါ အိမ်ရာမြေနှင့်နေအိမ်အား သမီးများမှ အမွေဆက်ခံသွားမည်ဖြစ်ကြောင်းနှင့် အမွေဆက်ခံခွင့်ရှိသူများ(ပိုင်ရေးဆိုင်ခွင့်ရှိသူများ) ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖုန်းချစ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၃၀)**
**အမှတ် ၉/၅၅၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉) ရပ်ကွက်၊ ဘားအံမြို့**
**ဖုန်း-၀၉-၅၆၆၁၆၈၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊နန္ဒဝန်လမ်း၊ အမှတ် ၁၃၂ မြေပေါ်တွင် မြေရှင် ဒေါ်ခင်စိန်နှင့် ကန်ထရိုက်တာတို့ အခန်းပေး အခန်းယူ ဆောက်လုပ်ထားသော တိုက်ခန်းများအနက်မှ (၄)လွှာ(4B)၊ အကျယ်အဝန်း (၁၅ပေ x ၅၅ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား မူလပိုင်ရှင်ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းသဥ္ဇာထွန်း ၁၂/လမန(နိုင်)၁၃၂၄၃၂ ကိုယ်တိုင် ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းကြောင်း ဝန်ခံပြောဆိုရောင်းချသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သောဒေါ်အေးသန်း ၁၄/ပသန(နိုင်)၀၁၆၂၁၆မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီအပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀)** |

**အမှတ် ၈၉၉၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဦးမိုးကျော်သိန်း
### အသက် (၇၂)နှစ်

[ဦးဖိုးလှ(ခ)လီစူလင်း-ဒေါ်ဖိတ်တင်(ခ)ဒေါ်တင်တင်]တို့၏ တတိယသား၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (၅က/၂)နေ ဒေါ်နီလာဦး-ဒေါ်သိင်္ဂီတို့၏ခင်ပွန်း၊ သားငါးယောက်၊ သမီး သုံးယောက်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းသွတ်တရားတော်နာယူမည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (၅က/၂)နေ အိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မောင်စိုပြေ
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ ပတ္တမြားဒေါက်ကျင်း၊ အမှတ် ၃၂နေ (ဦးတင်ဝင်းရှိန်)-ဒေါက်တာစိုးစိုးပိုင်တို့၏ သားငယ်၊ ကိုကြည်ဝင်းငွေ၊ ကိုစည်သူတင်-ဒေါက်တာတင်တင်ဝေ တို့၏ မောင်၊ ယွန်းရတီတင်၊ ဝင့်ရတီတင်တို့၏ဦးလေးသည် ၂၃-၂-၂၀၂၃ ရက်(ကြာသပတေးနေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၃ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ ပတ္တမြားဒေါက်ကျင်း၊ အမှတ် ၃၂နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အိမ်အမှတ် (၃/၃၆)နေ ဒေါ်နှင်းရီ (ဘ)ဦးလှဖေ ၉/ပမန(နိုင်)၀၁၈၂၅၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ ဒေါ်အိအိကျော်(ဘ)ဦးကျော်ဝင်း ၉/ပမန(နိုင်)၀၂၂၇၃၂သည် မိဘမောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ဆောင်ရွက်ခြင်း၊ မိခင်ဖြစ်သူနှင့် ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကို နားမထောင်ဘဲ မိသားစုဝင်များ လက်မခံနိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အတွက် ဒေါ်အိအိကျော်အား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ဒေါ်အိအိကျော်အပါအဝင် ၎င်းမိသားစုဝင်များအားလုံး၏ ကိစ္စအဝဝအားလုံးကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းရီ(ဘ)ဦးလှဖေ** | **ဒေါ်ထက်ထက်အိ (LL.B)** |
| **၉/ပမန(နိုင်)၀၁၈၂၅၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၈၉/၂၀၁၈)** |
| | **အမှတ် (၄/၃၇-က)၊ ရန်အောင်(၁)ရပ်ကွက်၊** |
| | **ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၈၀၄၇၉၀၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် (၁၉)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် (ခ/၄၈၄)ဟုခေါ်တွင်သော ဧရိယာ ၀.၁၁၅၃ဧကရှိ ဦးခင်မောင်ကြူ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၅-၂-၂၀၂၂ရက်စွဲပါ စာချုပ်အမှတ် (၄၀)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်ရီ ၉/ကဆန(နိုင်)၀၄၆၁၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သူမြင့် ၁၂/ပဇတ(နိုင်)၀၀၀၅၂၁က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B., D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)** |
| **(စဉ်-၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၅၀၈၅၄)** |
| | **အထက်တန်းရှေ့နေများ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊မြေကွက်အမှတ် ၁၆၄၊ ၄၀ပေx၆၀ပေ အကျယ်ရှိ ဒေါ်ငွေးမြင့် အမည်ပေါက်လျက်ရှိသော (ပါမစ်)မြေကွက်ကြီးထဲမှ တရားဝင် မခွဲမစိပ်ရသေးသည့် ၂၀ပေx ၆၀ပေအကျယ် အမှတ် ၁၆၄/ခြေရင်းခြမ်း၊ ကြာဖြူလမ်း၊(၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မူလအမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်သင်းသင်းသွယ် ၁၂/ဥကမ(နိုင်)၀၅၄၈၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးအိသဇင် ၁၂/ဒဂရ(နိုင်)၀၀၆၅၁၃က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ယခုအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးအိသဇင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်သီတာလဲ့လဲ့ထွန်း(LL.B)** | **ဦးသက်နောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၀၅၈/၂၉-၇-၂၀၁၄)** | **စဉ်(၁၄၃၃၄/၂၇-၄-၂၀၁၈)** |

**တိုက် ၉/၁၁၊ အခန်း ၀၀၅/B၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၄၀၈၁၅၈၅၊ ၀၉-၄၂၀၂၆၄၉၆၇၊ ၀၉-၂၅၄၃၀၉၄၉၇၊**
**၀၉-၇၈၂၇၅၂၈၈၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/4854 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၉၁၃၇၉, Honda Click 150L, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်စိန်ကြည် ၆/လလန(နိုင်)၀၄၅၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/9253 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြည့်ပြည့်ဖြိုး ၇/ရတရ(နိုင်)၀၈၀၈၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် G/621, DODGE D 60L ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ငွေးလှိုင် ၁၄/ကခန(နိုင်)၀၃၆၅၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

---

- ❖ **နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအားနှင့် ကာကွယ်ရေးစွမ်းအား ကောင်းရန်လို...**
- ❖ **စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခု ဖြစ်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)

---

## MNL ပြိုင်ပွဲ ပွဲစဉ် (၂) တွင် နိုင်ပွဲရထားသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက် ပွဲကျပ်ကစားရမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁) တွင် နိုင်ပွဲရထားသည့် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဟံသာဝတီအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၂) အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ဖေဖော်ဝါရီ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မြဝတီအသင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် YUSC ကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊

*စာမျက်နှာ ၂၀ ကော်လံ ၄* ❐



ဗယာဲထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်အသင်း

## ဘာစီလိုနာကို အနိုင်ယူသည့် မန်ယူတို့ ယူရိုပါလိဂ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်



ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့တွင် မန်ယူက ဘာစီလိုနာအသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲကြည့်ပရိသတ် ၇၃၀၀၀ ကျော် လာရောက်ကြည့်ရှုသော အဆိုပါ ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်က အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ထို့ကြောင့်မန်ယူအသင်းသည် ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး – သုံးဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ပြိုင်ပွဲ

*စာမျက်နှာ ၂၀ ကော်လံ ၄* ◆

---

### ယနေ့ သတင်းအညွှန်း

**တိုယိုတာ လျှပ်စစ်ကားများကို အမေရိကန်တွင် ထုတ်လုပ်သွားမည်**



နိုင်ငံတကာသတင်း စာ ၁၃

**ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ**

ပြည်တွင်းသတင်း စာ ၁၅

**လွယ်ဂျယ် - လိုင်းရင်းနယ်စပ်ဂိတ် ကုန်သွယ်မှုမြင့်တက်လာ**



ကုန်သွယ်စီးပွား စာ ၁၈

**ကာရာဘောင်ဖလားဗိုလ်လုပွဲ မန်ယူနှင့်နယူးကာဆယ်တို့ ကစားမည်**

အားကစားသတင်း စာ ၂၀